ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃စက္ကူ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် တနင်္ဂနေနေ့။ Sunday, 22 March 2026 ၁၂၁၂၉

အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ယနေ့ ဖတ်စရာ

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းခွေး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂) သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

စာမျက်နှာ » ၃



ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်၍ နိုင်ငံတော်ဓာတ်အားလိုင်းသို့ လွှဲပြောင်းပို့လွှတ်လျက်ရှိ

ရန်ကုန် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် တည်ရှိသော ဖြူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်နှစ်လျှင် ဒီဇယ်အရ ကီလိုဝပ်နာရီသန်း ၁၂၀ ထုတ်လုပ်နိုင်ပြီး တောင်ငူလိုင်း၂၃၀ ကေဗွီ ဓာတ်အားလိုင်းများမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

မြစ်သားမြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဧက ၂၀၁၁၀ လျာထားစိုက်ပျိုး

မြစ်သား မတ် ၂၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ရေရရှိရေးနည်းလမ်းများအလိုက် နွေသီးနံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဒေသတွင်းဝမ်းစာဖူလုံရေးအတွက် နွေစပါးမျိုးကွဲများဖြစ်သည့် မနောသုခ၊ GW-11၊ ရွှေမနော၊ ထိုင်းနံကောက်၊ အောင်နိုင်တိုးစသည့် စပါးမျိုးများကို ဧက ၂၀၁၁၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ÷

ကြေးမုံ

လူကုန်ကူးမှုအန္တရာယ်တိုက်ဖျက်ရေး အမျိုးသားရေးတာဝန်ဖြင့်ဆောင်ရွက်

ယနေ့ကမ္ဘာပေါ်တွင် နည်းပညာများ တိုးတက်မြင့်မားလာသည်နှင့်အမျှ နိုင်ငံဖြတ်ကျော် အွန်လိုင်းလိမ်လည်မှုများနှင့် လောင်းကစားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိသည်ကို ဖမ်းဆီးရဓိသည့်ဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ အွန်လိုင်းလိမ်လည်မှုများတွင် ယေဘုယျအားဖြင့် ငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားဆိုင်ရာလိမ်လည်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလိမ်လည်မှု၊ အလုပ်အကိုင်လိမ်လည်မှု၊ ကဗစ်မဲလိမ်လည်မှု၊ ချစ်သူရည်းစားဇနီးမယားအဖြစ် ဟန်ဆောင်လိမ်လည်မှုစသည်ဖြင့် လိမ်လည်မှုမျိုးစုံတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါလိမ်လည်မှု နည်းလမ်းမျိုးစုံဖြင့် ပစ်မှတ်ထားကျူးလွန်မှုများတွင် အလုပ်အကိုင်ငွေကြေး လိမ်လည်မှုများမှတစ်ဆင့် အတင်းအကျပ် အမွေခိုင်းစေသည့် လူကုန်ကူးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးရေးအနေဖြင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြော်ငြာဘုတ်များနှင့် ပိုစတာများစိုက်ထူခြင်း၊ စကားပိုင်းဆွေးနွေးခြင်း၊ နိုင်ငံပိုင်ရုပ်မြင်သံကြားများမှတစ်ဆင့် အသိပညာပေးရုပ်မြင်သံကြားဇာတ်လမ်းများ ထုတ်လွှင့်ပြသနိုင်ရေးဆောင်ရွက်ခြင်း၊ လူကုန်ကူးမှု အသိပညာပေးစာတစ်ကာများကပ်ခြင်း၊ တယ်လီဗုံးနှင်အော်ပရေတာများမှတစ်ဆင့် အများပြည်သူထံ အသိပညာပေးသတင်းစကားများမျှဝေခြင်းစသည့် ကြိုတင်ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များအပြင် အများပြည်သူ နေ့စဉ်အသုံးပြုနေကြသည့် လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် လူကုန်ကူးခံရသည့် သားကောင်များ၏ ဖြစ်စဉ်အခြေအနေမှန်များကို သတင်းအနေဖြင့်လည်းကောင်း၊ ဖြစ်ရပ်မှန်ဇာတ်လမ်းအနေဖြင့်လည်းကောင်း လူမှုကွန်ရက်ပေါ်တွင် မကြာခဏအသိပညာများမျှဝေရေးကို အမျိုးသားရေးအသိဖြင့် ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် လူကုန်ကူးမှု၊ အွန်လိုင်းလိမ်လည်မှုတို့နှင့်ပတ်သက်၍ အန္တရာယ်များသောလုပ်ငန်းများအဖြစ် သိရှိကြသော်လည်း လူတို့၏အဓျတ္တအတွင်းသန္တာန်လွှမ်းမိုးခြယ်လှယ်တတ်သော စိတ်အခံလိုအင်ဆန္ဒများကြောင့် အန္တရာယ်ရှိမှန်းသိပါလျက်နှင့် ပိုးဖလံမျိုး မီးကိုတိုးသလို တစ်ဖွတ်ထိုးတိုးဝင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှစတင်၍ သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ်မှစတင်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ အသီးသီးရေးဆွဲပြီး စီမံကိန်းပါလုပ်ငန်းများကို လုပ်ငန်းစီမံချက်များနှင့် လုပ်ငန်းကော်မတီများ၊ သက်ဆိုင်ရာဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်အလိုက်ပူးပေါင်းပြီး လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေး၊ တားဆီးကာကွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာမှ အခက်အခဲအမျိုးမျိုးတွေ့ကြုံခဲ့ရသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့်ချိတ်ဆက်ကာ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးကာ မိသားစုထံပြန်လည်အပ်နှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့ကြပြီး အခက်အခဲကြုံတွေ့ရသဖြင့် ဆက်သွယ်ရေးသတင်းနှင်လမ်းကြောင်းနှင့် ရဲဆက်ဆံရေးလမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများရှိ ပြည်တွင်းစက်ရုံအလုပ်ရုံများ၏ လုပ်သားလိုအပ်ချက်၊ အာဆီယံဒေသတွင်းနိုင်ငံအချို့၏ လုပ်သားလိုအပ်ချက်များအပေါ်အခြေပြုပြီး မြန်မာနိုင်ငံအတွင်းမှ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်ကြသူများကို ပြည်ပသို့ တရားမဝင်ပို့ဆောင်နိုင်ရေးအတွက် လူမှောင်ခိုကူးသူများသည် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်လာကြသည်။ မြန်မာနိုင်ငံတွင် လက်ရှိပြဋ္ဌာန်းအသုံးပြုလျက်ရှိသည့် ရာဇသတ်ကြီးဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေများကို အမှီပြု၍သာ ကျူးလွန်သူများကို အရေးယူဆောင်ရွက်ရသဖြင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့် လူမှောင်ခိုကူးသူများကို တားဆီးနှိမ်နင်းရေး ဆောင်ရွက်ရမည်ဖြစ်သည်။ လက်ရှိအရေးယူဆောင်ရွက်နေသည့် ဥပဒေများထက် ပိုမိုထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် လူမှောင်ခိုကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသလို ပြည်သူများအနေဖြင့်လည်း လူကုန်ကူးမှုနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို ရှာဖွေလေ့လာ၍ မိမိတို့၏ အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် အထူးသတိထား ရှောင်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မြန်မာ့ရိုးရာသိုင်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပညာတံခွန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတို့ပူးပေါင်းဖွင့်လှစ်သော မြန်မာ့ရိုးရာသိုင်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပညာတံခွန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာ ပညာတံခွန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းအုပ် ဆရာတော် အရှင်ဒေါက်တာသုဇာတ (M.A၊ Ph.D၊ သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇမ္မောစရိယ)က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက မြန်မာ့ရိုးရာသိုင်းပညာဖြင့် သရုပ်ပြသဖျော်ဖြေခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာနှင့် သင်တန်းတွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား အမှတ်တရလက်ဆောင်များနှင့် ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇွဲမင်းထက်(ပြန်/ဆက်)

၂၁ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- စိုးအောင်၊ ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်စိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
		သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော်	-	စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ	-	အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ	-	၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးသည် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးသန်းထွန်းဦး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေးစဉ် လွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးနှင့် သွားလာရေးကိစ္စရပ်များကို ဆွေးနွေးမေးမြန်းပြီး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုသည့်အဆောင်များ၊ ကိုယ်စားလှယ်များအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လွှတ်တော်ကိုယ်စားလှယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရွှေဖုံးမှ

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအား ရေယူအဆောက်အအုံ၊ ရေသွယ်ဌမင်လိုဏ်၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း၊ 230 kv ဆွဒ်ယာဒ်နှင့် ၂၀ မဂ္ဂါဝပ်ရှိသော တာဘိုင်နှင့် ဂျင်နရေတာနှစ်လုံးဖြင့် စုစုပေါင်း ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် မြေပေါ်ဓာတ်အားပေးစက်ရုံဖြစ်သည်။ ဖြူးချောင်းရေအားလျှပ်စစ် ဓာတ် အားပေးစက်ရုံသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် နည်းဗဟုနွေစပါးရာသီတွင်လည်း တောင်သူတို့လိုအပ်သော စိုက်ပျိုးရေကို ပို့လွှတ်ပေးနေသည့် တောင်သူအကျိုးပြု ရေလှောင်တမံဖြစ်သည်။

ဖြူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းသည် ၁၉۷၄ ခုနှစ် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ စတင်တင်သွင်းခဲ့သည့် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သော ဘက်စုံစီမံကိန်းတစ်ခု ဖြစ်ပြီး ၂၀၀၀ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ကာ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် စက်ရုံဖြီးစီးပြီး နောက်ပိုင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခဲ့သည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အလျားပေ ၁၃၀၊ အနံ ပေ ၁၁၀၊ အမြင့် ပေ ၁၁၀ ရှိပြီး Francis-Vertical Shaft တာဘိုင်အမျိုးအစားဖြစ်၍ ၂၀ မဂ္ဂါဝပ်စက်နှစ်လုံး တပ်ဆင်ထားကာ တစ်စက္ကန့်လျှင် ၂၀၃၁ ဒသမ ၆၅ ကုဗပေ တာဘိုင်ရေထုစီးနှုန်းဖြင့် နှစ်စဉ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၁၂၀ ထုတ်လုပ်သည်။

တိုးမြှင့်ထုတ်လုပ်

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်၌ ဇန်နဝါရီလတွင် ၁၀ ဒသမ ၈၅၂၀၀ ယူနစ်သန်း၊ ဖေဖော်ဝါရီလတွင် ၁၀ ဒသမ ၁၆၃၀၀ ယူနစ်သန်းနှင့် မတ်လတွင် ၁၃ ဒသမ ၃၃၃၀၀ ယူနစ်သန်းနှင့် ပြီးခဲ့သော ဖေဖော်ဝါရီလ ကုန်ကာလ ရေယူနည်းပြ ရေလှောင်ကန်ပေါ်ရှိ ရေလှိုင်းများ ပြန်လည်ပြင်ဆင်ခြင်း ပြုလုပ်ခဲ့ကြောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ ရှင်းပြခဲ့ပြီး ဖြစ်ပေါ်ခဲ့သော ပြဿနာ ရပ်ရွာ ရေပန်းစားမှုများ ကို ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါသည်။

"ဖြူးရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာ ပုံမှန်ဆိုရင် တစ်နှစ်ကို ဒီဇိုင်းအရ ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးပေမယ့်မနှစ်က ကီလိုဝပ်သန်းပေါင်း ၂၉၀ ဒသမ ၁၉ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ တစ်နှစ်ကို ၁၅၆ ဒသမ ၁၁ ယူနစ်သန်း၊ ၂၀၂၅ ခုနှစ်မှာ ၂၀၉ ဒသမ ၁၉ ယူနစ်သန်းနဲ့ ၂၀၂၆ ခုနှစ်မှာ မတ် ၂၀ ရက်အထိ ၃၈ ဒသမ ၄၉

စက်ရုံမှူးက လျှပ်စစ်ဓာတ်အား ထုတ်ပေးနေမှုကို ရှင်းလင်းပြောကြားစဉ်။

မဂ္ဂါဝပ် ၂၀ ဓာတ်အားပေးစက်ကြီးနှစ်လုံးကို တွေ့ရစဉ်။

ကီလိုဝပ်နာရီသန်း ဓာတ်အား ထုတ်ခဲ့ပြီး ဆက်လက်ထုတ်လုပ်နေပါတယ်။ စက်ရုံမှာ ၂၀ မဂ္ဂါဝပ် စက်နှစ်လုံးရှိပြီး စိုက်ပျိုးရေ ပေးဝေမှုအရ လက်ရှိမှာ ရေကို ထိန်းပြီး ဆောင်ရွက်ရတဲ့အတွက် ၂၀ မဂ္ဂါဝပ်တစ်လုံးကို ၂၄ နာရီ မောင်းနှင်းကာ ကျန်တစ်လုံးကို လိုအပ်ချက်အပေါ် မူတည်၍ ဓာတ်အား ထုတ်လုပ်ပေးနေပါတယ်။ နွေစပါးအတွက် အရေးပါရုံမက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေတဲ့ လျှပ်စစ်ဓာတ်အားကို ဖြူးချောင်းဓာတ်အား ပေးစက်ရုံအနေနဲ့ တစ်ထောင့် တစ်နေရာကနေ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှု အပေါ် ဝမ်းသာပီတိ ဖြစ်ရပါတယ်"ဟု ဖြူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှူး ဦးမင်းသူ အောင်က ပြောသည်။

နိုင်ငံပိုင် ရေအားလျှပ်စစ်စက်ရုံ ၂၅ ရုံတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ဓာတ်အား ၇၂၆၂ ဒသမ ၇၃၈၀၀ ယူနစ်သန်း ထုတ်လုပ်ပေးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အား လိုအပ်မှုကို ဆည်တမံများအတွင်း ရေဝင်ရောက်မှုအပေါ် မူတည်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည်။ မနှစ်က မုန်တိုင်းအရှိန်ကြောင့် မိုးများခဲ့ရာ ဆည်တမံများ ရေပိုမိုဝင်ရောက် သိုလှောင်နိုင်မှုဖြင့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားနှင့် နွေစပါး စိုက်ပျိုးရေအတွက် အရေးပါသည့် ဖြူးချောင်း ရေအားလျှပ်စစ်စက်ရုံမှ တစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်၍ နိုင်ငံတော် ဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနေ ကြောင်း သိရသည်။

သတင်း- ဥသာ
ဓာတ်ပုံ - ကိုလွင်

သံဖြူဧရပ်မြို့နယ်၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

သံဖြူဧရပ် မတ် ၂၁

ယနေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သံဖြူဧရပ်မြို့နယ် မြမာလာကျေးရွာ ဗုဒ္ဓရပ်ကွက်မွှာရုံ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် ပြသထားသည့် ပိုစတာအား တက်ရောက်လာသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

✣ မြစ်သားမြို့နယ်မှ

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေ ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းတောင်သူများအား အထွက်နှုန်း ကောင်းသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ နွေစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြီးတင်ကာကွယ်ရေး၊ အရည်အသွေးကောင်းသီးနှံများ ထွက်ရှိရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာ ပေးလျက်ရှိသည်။

မြစ်သားမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့် ရွှေတန်းစခန်းများ ဖြစ်သည့် မြို့မ၊ သီလင်၊ ရွာခိုင်ကြီး၊ ကူမ၊ ဓိုင်းမော၊ ဒါးရယ်ကောင်း၊ ရစ်ကန်ရွှေတန်းစခန်းများ၌ စိုက်ပျိုးမည့်မျိုးကွဲများအလိုက် နွေစပါး အထွက်နှုန်းများ တိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးစိုက်ပျိုးသည့်တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ ထည့်သွင်းခြင်းဖြင့် အထွက်နှုန်း ကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

ညောင်ရွှေမြို့နယ်၌ အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများ ဝေဟင်မှကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သစ်တောဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများကို ဝေဟင်မှကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ဟဲဟိုးလေဆိပ်၌ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်ရွှေမြို့နယ် အင်းလေးကန်တစ်ဝိုက်ကို ဝေဟင်မှ လှည့်လည်ကြည့်ရှုစစ်ဆေးမည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့် လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် ခွင့်ပြုချက်

မရှိဘဲ မြေအသုံးချနေမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးလေဆိပ်မှ ချက်နိုင်ငံထုတ် သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ညောင်ရွှေမြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကျူးကျော်အခြေချခြင်းများနှင့် တရားမဝင်မြေအသုံးချခြင်းများမရှိစေရန်၊ မြေအသုံးချနေမှုများ ဥပဒေနှင့်အညီ စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ကာ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေဝေရေလဲဒေသများထိန်းသိမ်းရေးလုပ်ငန်းများနှင့် တောမီးနှင့် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ဝေဟင်မှကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိစဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရေးတို့အတွက် ဘဏ္ဍာငွေရရှိမှု ပေါ်မူတည်၍ နှစ်စဉ်အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလင်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စု လှည်းတိုးကျေးရွာရှိ စိုက်ပျိုးမြေဧက ၂၀ အတွက် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းရာနှုန်းပြည့်ပြီးစီးမှုအခြေအနေကို မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ပြီး ရေရရှိရေးလုပ်ငန်း ရေရည်တည်မြဲကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် အတွက် လုပ်ငန်းဆောင်ရွက် ပြီးစီးမှု မှတ်တမ်းများကို ကျေးရွာစိုက်ပျိုးရေးတာဝန်ခံများထံ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်အထိ ဆိုလာစနစ်ဖြင့်

စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၂၉ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တောင်သူ ၁၇၁ ဦးတို့၏ စိုက်ပျိုးမြေ ၄၆၆ ဒသမ ၅ ဧကအတွက် စိုက်ပျိုးရေဖူလုံစွာရရှိ၍ ရာသီမရွေးသီးနှံများ စိုက်ပျိုးနိုင်ပြီး ဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူ ပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျွန်းစုမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျွန်းစု မတ် ၂၁

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်သစ်တောဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက စလွန်အော်ကြီးကျေးရွာရှိ အခြေခံပညာ မူလတန်းလွန် ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးခင်စိုးက နိုင်ငံစီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့၊ တောအုပ်ဦးနိုင်မင်းက သစ်တောထိန်းသိမ်းရေး တောမီးကာကွယ်ရေး၊ တောအုပ် ဦးဇော်ကိုလတ်က မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ တို့ကိုလည်းကောင်းအသိပညာပေးဟောပြောပြီး သစ်တောဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ Video Clip ကို ပြသသည်။

ပေးအပ်လျူဒါန်း

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် အမှတ်တရ သစ်တော ကြေးမုံစာအုပ်များကို မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးခင်စိုးက ပေးအပ်လျူဒါန်းရာ ကျေးရွာ တာဝန်ခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

အမှုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လူပုဂ္ဂိုဏ်းမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းတို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပဲခူးအချုပ်ထောင်၌ အကျဉ်းသားများအား အိပ်ဆောင်များ၌ တွေ့ဆုံကာ အကျဉ်းသား/အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ သန့်ရှင်းသော သောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေလုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် ဧည့်တွေ့ ဆောင်ရွက်ပေးနေမှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု၊ ယုံကြည်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်ခွင့်နှင့် ရမ်ဇာန်ဥပုသ်ကာလ အစ္စလာမ်ဘာသာဝင် ၁၁ ဦးတို့၏ ဝတ်ပြုကိုးကွယ်နေမှု၊ အစားအသောက်စီစဉ်ပေးမှု၊ စာမတတ်သူ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအတွက် အခြေခံအရေး၊ အဖတ်အတွက် ပညာသင်ကြားပေးနေမှု

အခြေအနေ၊ အကျဉ်းသား/အချုပ်သားများအား အချုပ်ထောင် ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသား/အချုပ်သား အချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ဧည့်တွေ့လာရောက်ကြသည့် အကျဉ်းသား/ အချုပ်သား မိသားစုဝင်များ ဧည့်တွေ့ရာတွင် အဆင်ပြေမှု ရှိ/မရှိ၊ အကျဉ်းသား/အချုပ်သား ထောင်ဝင်စာပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးပို့ရာတွင် အဆင်ပြေမှုရှိ/မရှိ စသည်တို့ကိုကြည့်ရှုစစ်ဆေးကာ သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား/အချုပ်သား ၁၀ ဦးအား တစ်ဦးချင်း လက်ခံတွေ့ဆုံ၍ လည်းကောင်း၊ ဧည့်တွေ့ရန်လာရောက်သည့် မိသားစု ၁၂ ဦးတို့ကို တွေ့ဆုံပြီး အဆင်ပြေမှု ရှိ/မရှိ မေးမြန်းကာ တင်ပြ ချက်များကို မှတ်တမ်းတင်သည်။

ထို့နောက် အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ/ ချိုးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ/မရှိနှင့် ထောင်ဝင်စာတွေ့ဆုံနေမှု အခြေအနေ၊ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေ့လယ်စာသုံးဆောင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခင်စစ်ဆေးစဉ်က တွေ့ရှိချက်အပေါ် အကြံပြုချက်များကို ဆောင်ရွက်ပြီးစီးမှုများကိုလည်း ကြည့်ရှုစစ်ဆေးကာ အချုပ်သားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေအုပ်ရေ ၅၀ ကို ကော်မရှင်က ပေးအပ်လျှက်ဒါန်းသည်။

ယင်းနောက် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်ရီမနှက်လလအခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ်ကာလ အတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ/မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ/မရှိနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ အကျိုးဆောင်ရေနေများနှင့် တွေ့ဆုံခွင့် ရရှိမှု အခြေအနေတို့ကို အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဘီးလင်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ဘီးလင်း မတ် ၂၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အထက(ဘီးလင်း) ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်က ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဘီးလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ စက်ရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေးလေ့ကျင့်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သိရိရတနာလက်လီ လက်ကားရေးနှင့် (ဃ)ဈေးတို့တွင် အသိပညာပေး စစ်ဆေးကာ မီးငြိမ်းသတ်ရေး လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဈေးများ၌ ဆောင်ရွက်သည်။

စစ်ဆေးဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်သည့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများ၊ ဈေးလုံခြုံရေးဝန်ထမ်းများနှင့်အတူ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးအတွင်းရှိ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားသည့် အပေါ့စားစက်များကောင်းမွန်မှု ရှိ/မရှိ၊ Hydrant ငုတ်များ ရေထွက်အားကောင်းမကောင်း၊ ဈေးဆိုင်ခန်းများ လျှပ်စစ်မီးများ

သေချာစွာပိတ်ထားခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

ကော့မျှားမြို့နယ်၌ မီးလောင်မီးလန့်မှုများမဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေး

ကော့မျှား မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး ကော့မျှား မြို့နယ် ကျိုက်ထော်(မြောက်) ကျေးရွာ၌ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ မီးလောင်မီးလန့်မှုများနှင့် Fire Hotspot များ မဖြစ်မီးတစေရေး အသိပညာပေး ဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

ဆွေးနွေးပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးအောင်က ရိုးပြတ်များ မီးရှို့၍ ဖြစ်ပေါ်လာရသည့် Fire Hotspots အကြောင်းများ၊ ရိုးပြတ်များ မီးမရှို့ဘဲ သဘာဝမြေပြေ ပြုလုပ်ခြင်းများ၊ လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများ၊ မီးခိုးမြှင့်လျှော့ချရေးနှင့် တောမီးလောင်ကျွမ်းမှု လျှော့ချစေနိုင်မည့်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျေးရွာနေပြည်သူများအား ဂက်စ်မီးအား လက်တွေ့ငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ပြီး တစ်အိမ်တစ်ဆင်း အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ကော့မျှား)

မော်ဘီမြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

မော်ဘီ မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC)အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မော်ဘီမြို့နယ် မြောင်းတကာ သံမဏိရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ကေသွယ်က အမှာစကား ပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောဟုန်မားကဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများ

ကို ရှင်းလင်းပြောကြားခြင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေဝင်းက အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေနှင့် နည်းဥပဒေ များကို ရှင်းလင်းပြောကြားခြင်း၊ လူမှုဖူလုံရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ကြည်ကြည်လှိုင်က လူမှုဖူလုံရေးဥပဒေပါအာမခံစနစ်များ ထည့်ဝင်ကြေးနှုန်းထားများ၊ ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားကာ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းထွန်းက အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနက စည်းကြပ်သော ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများကို စာတွေ့၊ လက်တွေ့ ပို့ချရှင်းလင်းခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မော်ဘီ)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မည့် ပို့ကုန်လုပ်ငန်းရှင်များ GACC တွင် မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China–GACC) ၏ ကြေညာချက်အမှတ် ၂၄၈ နှင့် ၂၄၉ တို့အရ ၂၀၂၂ ခုနှစ် ဧနီနဝါရီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာ တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

GACC တွင် Protocol အရ မှတ်ပုံတင်ဆောင်ရွက်ခြင်း၊ Online စနစ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းအတွက် ကုန်စည်အုပ်စုအလိုက် မြန်မာနိုင်ငံမှ ထောက်ခံချက်ပေးမည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (Competent Authority) များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ပါသည်။

GACC တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်–

(က) Competent Authority ၏ ထောက်ခံချက်ဖြင့် Online စနစ်ဖြင့် မှတ်ပုံတင်ရန် ကုန်စည်အုပ်စု ၁၈ ခု၊

- (၁) အသားနှင့် အသားထုတ်ကုန်များ (Meat and meat products)။
- (၂) စားသုံးနိုင်သော ရေထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထုတ်ကုန်များအပါအဝင် ရေထွက်ကုန်များ (Aquatic Products Including edible and Farmed Products)။
- (၃) နို့ထွက်ပစ္စည်းများ (Dairy Products)။
- (၄) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ (Nest and Bird's Nest Products)။
- (၅) အစာသွတ်ရန်အသုံးပြုသည့် အပေါ်ခွံအစွပ် (Casings)။
- (၆) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ (Bee products)။
- (၇) ဥနှင့် ဥထွက်ပစ္စည်းများ (Egg and Egg Products)။
- (၈) စားသုံးဆီနှင့် ဆီထွက်ပစ္စည်းများ (Edible Fats and Oils)။
- (၉) အပြင်အသားအား ဂျုံသားဖြင့် ပြုလုပ်ထားပြီး စားသုံးနိုင်သည့် (သို့မဟုတ်) အေးခဲထားသည့် ထုတ်ကုန်များ (Stuffed Pastry Products)။
- (၁၀) စားသုံးနိုင်သော နံစားသီးနှံများ (Edible Grains)။
- (၁၁) သီးနှံကြိတ်ခွဲလုပ်ငန်းမှ ထုတ်ကုန်များနှင့် မုယောစပါး (Grain Milling Industrial Products and Malt)။
- (၁၂) လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် တာရှည်ခံအောင်ပြုလုပ်ထားသည့်အခြောက်ခံထားသော ဟင်းသီးဟင်းရွက်များ (Fresh and Dehydrated Vegetables)။
- (၁၃) ပဲမျိုးစုံ (Dried Beans)။
- (၁၄) ဟင်းခတ်အမွှေးအကြိုင်များ (Seasonings)။
- (၁၅) အခွံမာသီးနှင့် အစေ့များ (Nuts and Seeds)။
- (၁၆) သစ်သီးခြောက်များ (Dried Fruits)။
- (၁၇) မလှော်ရသေးသော ကော်ဖီစေ့နှင့် ကိုကိုးစေ့များ (Unroasted Coffee Beans and Cocoa Beans)။

> GACC တွင် မှတ်ပုံတင်လျှောက်ထားသည့် ကုမ္ပဏီ/လုပ်ငန်းများအား GACC အနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ယုံကြည်စိတ်ချရသောအဖွဲ့ကို ဖြစ်စေ လျှောက်လွှာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းပြီး သိရှိလိုသောအချက်များကို စာဖြင့်မေးမြန်းစစ်ဆေးခြင်း၊ ဗီဒီယိုဖြင့် ကြည့်ရှုစစ်ဆေးခြင်း၊ လုပ်ငန်းနေရာကို လာရောက်စစ်ဆေးခြင်းတို့ကို ပြုလုပ်မည်ဖြစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် လိုက်နာဆောင်ရွက်ရမည်



(ခ) ဖော်ပြပါကုန်စည်အုပ်စု ၁၈ ခုတွင် ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့် လုပ်ငန်းများအနေဖြင့် GACC ၏ Website: https://cifer.singlewindow. cn တွင် လုပ်ငန်းကိုယ်တိုင် ဝင်ရောက်၍ Account ဖွင့်လှစ်ပြီး တိုက်ရိုက်လျှောက်ထားရမည်။

(ဂ) Competent Authority ၏ ထောက်ခံချက်ဖြင့် မှတ်ပုံတင်ရန် ကုန်စည်အုပ်စု ၁၈ ခုအနက်မှ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် Manual စနစ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ရမည့် ကုန်စည်အမျိုးအစားများမှာ ကော်ဖီစေ့၊ ကိုကိုးစေ့၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ စားသုံးနိုင်သည့် အစေ့အဆန်များ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းတို့ဖြစ်သည်။

(ဃ) GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် လျှောက်လွှာပုံစံအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https:// ppd.doa.gov.mm/ တွင် Download ရယူနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန Competent Authority မှ ထုတ်ပေးသော Sub–Account ဖြင့် https://www.cifer.single window.cn ၌ ဝင်ရောက်လျှောက်ထားရမည်။

(c) GACC တွင် Manual စနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် လျှောက်လွှာပုံစံအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https:// ppd.doa.gov.mm/ တွင် Download ရယူနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီး အင်းစိန် ရန်ကုန်မြို့ တွင် သွားရောက်လျှောက်ထားရမည်။

(စ) အေးခဲ၊ အခြောက်၊ ဆားနယ်ရေထွက်ကုန်များ(Frozen, Dried, Salted Products)နှင့် ရေခဲရိုက်ရေထွက်ကုန်များ (Chilled Products) များအား GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ–

- (၁) မှတ်ပုံတင်လိုသော စက်ရုံ/ကုမ္ပဏီများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် ခွင့်ပြုချက် လျှောက်ထားရမည်။
- (၂) မှတ်ပုံတင်ရန်ခွင့်ပြုချက်ရရှိပြီးပါက ငါးလုပ်ငန်းဦးစီးဌာနမှ ငါး/ ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများအား GACC ၏ Website တွင် ဝင်ရောက်မှတ်ပုံတင်လျှောက်ထားနိုင်ရန် User Name, Password (Account) များအား ပြုလုပ်ဆောင်ရွက်ပေးပါမည်။
- (၃) ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများ
- (၃၈) အထူးအာဟာရဖြည့် စားသောက်ကုန်များနှင့် ကျန်းမာရေးဆိုင်ရာ စားသောက်ကုန်များ (Food for special dietary purpose functional food)။

(ခ) ဖော်ပြပါကုန်စည်အုပ်စု ၁၈ ခုတွင် ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့် လုပ်ငန်းများအနေဖြင့် GACC ၏ Website: https://cifer.singlewindow. cn တွင် လုပ်ငန်းကိုယ်တိုင် ဝင်ရောက်၍ Account ဖွင့်လှစ်ပြီး တိုက်ရိုက်လျှောက်ထားရမည်။

(ဂ) Competent Authority ၏ ထောက်ခံချက်ဖြင့် မှတ်ပုံတင်ရန် ကုန်စည်အုပ်စု ၁၈ ခုအနက်မှ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် Manual စနစ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ရမည့် ကုန်စည်အမျိုးအစားများမှာ ကော်ဖီစေ့၊ ကိုကိုးစေ့၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ စားသုံးနိုင်သည့် အစေ့အဆန်များ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းတို့ဖြစ်သည်။

(ဃ) GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် လျှောက်လွှာပုံစံအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https:// ppd.doa.gov.mm/ တွင် Download ရယူနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန Competent Authority မှ ထုတ်ပေးသော Sub–Account ဖြင့် https://www.cifer.single window.cn ၌ ဝင်ရောက်လျှောက်ထားရမည်။

(c) GACC တွင် Manual စနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် လျှောက်လွှာပုံစံအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https:// ppd.doa.gov.mm/ တွင် Download ရယူနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီး အင်းစိန် ရန်ကုန်မြို့ တွင် သွားရောက်လျှောက်ထားရမည်။

(စ) အေးခဲ၊ အခြောက်၊ ဆားနယ်ရေထွက်ကုန်များ(Frozen, Dried, Salted Products)နှင့် ရေခဲရိုက်ရေထွက်ကုန်များ (Chilled Products) များအား GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ–

- (၁) မှတ်ပုံတင်လိုသော စက်ရုံ/ကုမ္ပဏီများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် ခွင့်ပြုချက် လျှောက်ထားရမည်။
- (၂) မှတ်ပုံတင်ရန်ခွင့်ပြုချက်ရရှိပြီးပါက ငါးလုပ်ငန်းဦးစီးဌာနမှ ငါး/ ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများအား GACC ၏ Website တွင် ဝင်ရောက်မှတ်ပုံတင်လျှောက်ထားနိုင်ရန် User Name, Password (Account) များအား ပြုလုပ်ဆောင်ရွက်ပေးပါမည်။
- (၃) ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများ

အနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနက ပြုလုပ်ပေးထားသည့် Account ဖြင့် ဝင်ရောက်၍ GACC ၏ Website တွင် မှတ်ပုံတင်လျှောက်ထားရန် လိုအပ်သည့် အချက်အလက်များဖြစ်သည့် ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပေးထားသည့် ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံလိုင်စင် (Fishery Processing License)၊ အခြေခံအချက်အလက်များ (Basic Information)၊ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော အချက်အလက်များ (Production related information)၊ စက်ရုံ၏မြေပုံ (Layout Plan)၊ ထုတ်လုပ်သည့် အမျိုးအစား (Production Type)၊ ကုမ္ပဏီ၏ကြေညာလွှာ (Enterprise Declaration) စသည့် အချက်အလက်များ ဖြည့်စွက်ပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြရပါမည်။

- (၄) ဖြည့်စွက်ထားသည့်အချက်အလက်များအား ငါးလုပ်ငန်းဦးစီးဌာနက မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ပါမည်။
- (၅) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု မရှိပါက သက်ဆိုင်ရာ စက်ရုံ/ ကုမ္ပဏီများအနေဖြင့် မှန်ကန်မှု ရှိသည်အထိ ပြန်လည်ပြင်ဆင်ရပါမည်။
- (၆) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု ရှိပါက GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ရေးဆွဲထားသည့် "ပြည်ပသို့ ထုတ်လုပ်မှုလုပ်ငန်းများ အတွက် GACC သို့ မှတ်ပုံတင်ရာတွင် လိုအပ်သည့် အကဲဖြတ်မှတ်တမ်း (Checklist of GACC Registration Requirement for Oversea Production Enterprise Template)" ဖြင့် စက်ရုံသို့ သွားရောက်စစ်ဆေးပါမည်။
- (၇) Check list ပါ Regulation အတိုင်း လိုက်နာဆောင်ရွက်မှုရှိပါက အဆိုပါအကဲဖြတ်မှတ်တမ်းနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ခံချက် (Recommendation Letter)နှင့်အတူ GACC သို့ တင်ပြ၍ မှတ်ပုံတင်ရယူရမည်။

(ဆ) စားသုံးနိုင်သည့် ရေနေသတ္တဝါအရှင်များ (Edible Aquatic Products) အား GACC တွင် Manual စနစ်ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ–

- (၁) မှတ်ပုံတင်လိုသော ကုမ္ပဏီများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် ခွင့်ပြုချက်လျှောက်ထားရမည်။
- (၂) မှတ်ပုံတင်ခွင့်ရရှိပြီးပါက GACC မှ သတ်မှတ်ထားသည့် Registration Form များတွင် ဖြည့်စွက်ပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြရမည်။

စာမျက်နှာ ၇ သို့ ■

အဆင့်မြင့်ပညာဦးစီးဌာန ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

နေပြည်တော် မတ် ၂၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာတက္ကသိုလ် အားကစားအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင် အခြားဆုတံဆိပ်များအပြင် ပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ)ကစားနည်းတွင် ရွှေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်း (လေးယောက်တွဲ)ကစားနည်းတွင် ငွေတံဆိပ်တစ်ခု တို့ကို ဆွတ်ခူးကာ နိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသည် ပိုက်ကျော်ခြင်းအားကစားနည်း၏ ဒိုင်လူကြီးနှင့် နည်းပြအရည်အသွေးများကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တိုင်းတွင် အားကစားနည်းပြများရှိမှသာလျှင် တက္ကသိုလ်များ၏ အားကစားအဆင့် အတန်းလည်း တိုးတက်လာမည်ဖြစ်သဖြင့် အားကစားနည်းမျိုးစုံကျွမ်းကျင်သော ဒိုင်လူကြီးများ၊ အားကစားနည်းပြများကို ဆက်လက်လေ့ကျင့်မွေးထုတ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် တက်တက်ကြွကြွသင်ယူလေ့ကျင့်ကြရန်နှင့် မိမိတို့တက္ကသိုလ်၊ ဒီဂရီကောလိပ်သို့ ပြန်လည်ရောက်ရှိသည့်အခါ ကျောင်းစာတွင်သာမက နိုင်ငံတော်အတွက် အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသော ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများကို မွေးထုတ်ပေးကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း (၁/၂၀၂၆)ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကျွမ်းကျင်ပညာရှင် နည်းပြဆရာ နှစ်ဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

မူဆယ် မတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲကို ယနေ့ညနေပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအားကစားသင်တန်းများကို မတ် ၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်စသည့်အားကစားနည်းများပါဝင်သည်။ သင်တန်းဆင်းပွဲတွင် မူဆယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သင်တန်းဆင်းကတ်များနှင့် အားကစားအင်္ကျီများကို သင်တန်းသားများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

■ **စာမျက်နှာ ၆ မှ**

(၃) ဖြည့်စွက်ထားသည့်အချက်အလက်များအား ငါးလုပ်ငန်းဦးစီးဌာနက မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ပါမည်။

(၄) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု မရှိပါက သက်ဆိုင်ရာ စက်ရုံ/ကုမ္ပဏီများအနေဖြင့် မှန်ကန်မှုရှိသည်အထိ ပြန်လည်ပြင်ဆင်ရပါမည်။

(၅) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု ရှိပါက GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ကိုက်ညီမှု ရှိ/ မရှိ သွားရောက်စစ်ဆေးပါမည်။

(၆) Checklist ပါ Regulation အတိုင်း လိုက်နာဆောင်ရွက်မှုရှိပါက ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ခံချက် (Recommendation Letter) နှင့်အတူ GACC သို့ တင်ပြ၍ မှတ်ပုံတင်ရယူရမည်။

(ဇ) စားသုံးဆီနှင့် ဆီထွက်ပစ္စည်းများ (Edible Fats and Oils)၊ အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် (သို့မဟုတ်) အေးခဲထားသည့်ထုတ်ကုန်များ (Stuffed Pastry Products)နှင့် အထူးအာဟာရဖြည့် စားသောက်ကုန်များနှင့် ကျန်းမာရေးဆိုင်ရာ စားသောက်ကုန်များ (Food for special dietary purpose functional food) အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ထောက်ခံချက်ရယူပြီးမှသာ GACC တွင် မှတ်ပုံတင်လျှောက်ထားရမည်။

(ဈ) တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဇုန်များ၊ တိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန်များ၊ တိရစ္ဆာန်မွေးမြူရေးဇုန်များမှ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအား GACC တွင် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ-

(၁) မှတ်ပုံတင်လိုသောကုမ္ပဏီများသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ မှတ်ပုံတင်ရန် ခွင့်ပြုချက် လျှောက်ထားရပါမည်။

(၂) မှတ်ပုံတင်ရန် ခွင့်ပြုချက်ရရှိပြီးပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အဆိုပါကုမ္ပဏီအား GACC Website တွင် ဝင်ရောက် မှတ်ပုံတင်လျှောက်ထားနိုင်ရန် User Name၊ Password (Account) အား ပြုလုပ်ဆောင်ရွက်ပေးပါမည်။

(၃) ကုမ္ပဏီအနေဖြင့် ဌာနမှ ပြုလုပ်ပေးထားသည့် Account ဖြင့် GACC Website သို့ ဝင်ရောက်၍ လုပ်ငန်းခွင့်ပြုလက်မှတ်၊ အခြေခံအချက်အလက်များ၊ ဝန်ထမ်းအရင်းအမြစ်၊ ထုတ်လုပ်သည့်နည်းလမ်း အသေးစိတ်၊ စက်ရုံ၏ မြေပုံ၊ ထုတ်လုပ်သည့်အမျိုးအစား၊ ကုမ္ပဏီ၏ဝန်ခံချက် စသည့်အချက်အလက်များ ဖြည့်စွက်ပြီးပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြရမည်။

(၄) ဖြည့်စွက်ထားသည့် အချက်အလက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ပါမည်။

(၅) အချက်အလက်များ မှန်ကန်မှုမရှိပါက မှန်ကန်မှုရှိသည်အထိ ပြန်လည်ပြင်ဆင်ဖြည့်စွက်ရပါမည်။

(၆) အချက်အလက်များ မှန်ကန်မှုရှိပါက GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ရေးဆွဲထားသည့် အကဲဖြတ်မှတ်တမ်း (Checklist of GACC Registration Requirement for Oversea Production Enterprise Template) ဖြင့် လုပ်ငန်းသို့ သွားရောက်စိစစ်ပါမည်။

(၇) Checklist နှင့် GACC Regulation ကိုကိုက်ညီပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထောက်ခံချက်လက်မှတ် (Recommendation Letter) ထုတ်ပေးပြီး GACC သို့တင်ပြ၍ မှတ်ပုံတင်ခွင့် ရယူရမည်။

(ည) ရေထွက်ကုန်ပစ္စည်းများအနက်မှ ရေခဲရိုက်ရေထွက်ကုန်များ (Chilled Products) နှင့် အေးခဲ၊ အခြောက်၊ ဆားနယ်ရေထွက်ကုန်များ (Frozen, Dried, Salted Products) များအတွက် GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်ရရှိသည့် သက်တမ်းကာလသည် ငါးနှစ်ဖြစ်ပြီး အရှင်ရေထွက်ကုန်များ (Live Products) နှင့် မွေးမြူရေးရေထွက်ကုန်များ (Farm Products) များအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ရရှိသည့် သက်တမ်းကာလသည် သုံးနှစ်ဖြစ်၍ သက်တမ်းတိုးလျှောက်ထားရေး သတိပြုဆောင်ရွက်ရမည်၊ သက်တမ်းတိုးလျှောက်ထားရမည့် အချိန်ကာလ သုံးလမှ ခြောက်လအတွင်း လျှောက်ထားနိုင်ရေး သတိပြုဆောင်ရွက်ရမည်။

(ဋ) မြန်မာနိုင်ငံမှ အရှင်ရေထွက်ကုန်များ (Live Products) နှင့် မွေးမြူရေးရေထွက်ကုန်များ (Farm Products) များမှလွဲ၍ ကျန်စားသောက်ကုန်များအတွက် GACC တွင် မှတ်ပုံတင်သက်တမ်းကာလသည် ငါးနှစ်ဖြစ်၍ သက်တမ်းတိုးလျှောက်ထားရမည့် အချိန်ကာလ သုံးလမှ ခြောက်လအတွင်း လျှောက်ထားနိုင်ရေး သတိပြုဆောင်ရွက်ရမည်။

(ဌ) GACC တွင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် အမည်ပြောင်းခြင်း ဆောင်ရွက်လိုပါက မှတ်ပုံတင် စတင်လျှောက်ထားသည့် (Online/Manual)စနစ်အလိုက် GACC ၏ Website: https://www.cifer.singlewindow.cn တွင် လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (Competent Authority) မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံးသို့ ပေးပို့၍ GACC တွင် လျှောက်ထားရမည်။ GACC တွင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် လိပ်စာပြောင်းခြင်း ဆောင်ရွက်လိုပါက GACC မှ New Establishment အဖြစ် သတ်မှတ်သည့်အတွက် GACC မှတ်ပုံတင်အား အသစ်ပြန်လည်လျှောက်ထားရမည်။

(ဍ) GACC တွင် မှတ်ပုံတင်လျှောက်ထားသည့် ကုမ္ပဏီ/လုပ်ငန်းများအား GACC အနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ယုံကြည်စိတ်ချရသောအဖွဲ့ကို ဖြစ်စေ လျှောက်လွှာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းပြီး သိရှိလိုသောအချက်များကို စာဖြင့်မေးမြန်းစစ်ဆေးခြင်း၊ ဗီဒီယိုဖြင့် ကြည့်ရှုစစ်ဆေးခြင်း၊ လုပ်ငန်းနေရာ လာရောက်စစ်ဆေးခြင်းတို့ကို ပြုလုပ်မည်ဖြစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် လိုက်နာဆောင်ရွက်ရမည်။

(ဎ) GACC တွင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများသည် မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်ကဖြစ်စေ၊ Competent Authority ကဖြစ်စေ မှတ်ပုံတင်ပယ်ဖျက်ခြင်းကို လျှောက်ထားခြင်း၊ Competent Authority ၏ ကြီးကြပ်ကွပ်ကဲမှု စစ်ဆေးမှုနှင့် အတည်ပြုချက် မရှိခြင်းများဖြစ်ပေါ်ပါက GACC သည် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်မည်ဖြစ်သဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဏ) တရုတ်နိုင်ငံသို့ ပို့ကုန်များတင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ကုမ္ပဏီ/လုပ်ငန်းများကို တင်သွင်းခွင့် ရပ်စဲမည်ဖြစ်၍ ထုတ်ကုန်အရည်သွေးမြှင့်တင်ခြင်းနှင့် ထုတ်ကုန်အညွှန်းများ၊ တင်ပြရမည့် စာရွက်စာတမ်းများ ကိုက်ညီမှုရှိစေခြင်းနှင့် ကုမ္ပဏီ အမည်ပြောင်း၊ လိပ်စာပြောင်းများ ဆောင်ရွက်ထားပါက ကုန်စည်တင်ပို့ခြင်းမပြုမီ အမည်/လိပ်စာသစ် လျှောက်ထားပြီးစီးခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်းများကို သတိပြုဆောင်ရွက်ရမည်။

မြန်မာနိုင်ငံမှ Online စနစ်ဖြင့် မှတ်ပုံတင်ရရှိပြီး လုပ်ငန်းများ စာရင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ GACC ၏ Website: https://ciferquery.singlewindow.cn/ တွင် လည်းကောင်း၊ Manual စနစ်ဖြင့် မှတ်ပုံတင်ရရှိပြီး လုပ်ငန်းစာရင်းများကို GACC ၏ Website: http://dzs. customs.gov.cn/ တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရန်အတွက် ဖျက်ပိုးအန္တရာယ် ဆန်းစစ်လေ့လာခြင်း (Pest Risk Analysis-PRA) အချက်အလက်များ ပေးပို့ရန်မလိုအပ်ဘဲ တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားနိုင်သော အပင်နှင့်အပင်ထွက်ပစ္စည်း ၂၅၂ မျိုး၏ စာရင်းများအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https://ppd.doa.gov.mm/ ၏ Announcements တွင် Download ရယူနိုင်သည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန် တင်ပို့ရည်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ဆောင်ရွက်နိုင်ရန် သိရှိလိုသည်များရှိပါက ဖုန်းနံပါတ်-၀၆၇ ၃၄၀၈၆၀၅၊ ၀၆၇ ၃၄၀၈၆၄၃ ၊ ၀၆၇ ၃၄၀၈၆၃၇ နှင့် အီးမေးလ်-myantrade. domestic@gmail.com သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်သည်။ ။

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

ဆက်လက်ထိန်းသိမ်းရမည် တပ်မတော်နှင့် နိုင်ငံ့ဂုဏ်

မိုးမြင့်

(၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

တပ်မတော်သားအားလုံး ရှိနှင့်ပြီးသည့် ခံယူချက်မှာ တာဝန်နှင့် သစ္စာတရား၊ တပ်ဖွဲ့စိတ်ဓာတ်နှင့်အတူပါလာသော ရဲဘော်ရဲဘက်စိတ်၊ ထိုစိတ်ဓာတ်များသည်သာ အောင်စိတ် အခရာ။ အခြားဘာမျှမရှိပါ။

ထိုစိတ်ဓာတ်ကိုအခြေခံပြီး တပ်မတော်သာအမိ၊ တပ်မတော်သာအဖဟုခံယူ၍ အသက်သွေးချွေး စဉ်ဆက်မနေး နိုင်ငံနှင့်ပြည်သူအတွက် ပေးဆပ်ထားပြီးဖြစ်သည်။ ထိုစိတ်ဓာတ်ကောင်းများဖြင့် တပ်မတော်နှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ခေတ်အဆက်ဆက် ဆယ်တင်ခဲ့ကြသည့်၊ သမိုင်းပေးတာဝန် ကျေပွန်ခဲ့ကြသည့် စစ်သားကောင်းများစွာ ရှိသည့် ပြည်ထောင်စုတပ်မတော် ဖြစ်ပါသည်။

အန္တိမရည်မှန်းချက်မှာ....

ထိုစိတ်ဓာတ်များဖြင့် တပ်မတော်သည် နိုင်ငံ၏ အချုပ်အခြာမယိမ်းယိုင်အောင် ထိန်းသိမ်း၊ ပြည်ထောင်စုမပြိုကွဲအောင် ကာကွယ်စောင့်ရှောက်နေရသည်။ ဥပဒေရှိသူနှင့်မရှိသူ၊ အပြုသမားနှင့် အဖျက်သမားအကြား ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားနေရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နည်းလမ်းပေါင်းစုံဖြင့် တည်ဆောက်ပေးနေသည်။ ဒီမိုကရေစီ လိုချင်ကြသည်ဆို၍လည်း ဒီမိုကရေစီလမ်းကြောင်းကို ပုံဖော်ပေးသည်။

၁၃၅ မျိုးသော တိုင်းရင်းသားမျိုးစုံရှိသည့် နိုင်ငံ၊ ဒေသအားလုံးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းရောနှောနေထိုင်ရာနိုင်ငံ၌ ဒေသကိုအခြေခံသော ဖက်ဒရယ်စနစ်ကသာ အဓိပ္ပာယ်ရှိသည်ဖြစ်၍ ဖက်ဒရယ်အခြေခံ ပြည်ထောင်စုစနစ်ကို မျက်ခြည်ပြတ်မခံ ချီတက်နေသည်။ သဘာဝတော၊ ရောဂါကပ်တော၊ စစ်မက်တော ဘေးဆိုးအန္တရာယ်မှန်သမျှ မည်သည့်နေရာမှမချန် မကျန်စေရပါ။ ပြည်သူနှင့် တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဘဝ လိုအပ်ချက်များစွာကို ဟန်ချက်ညီမျှ မျှတအောင် ကြိုးစားဆောင်ရွက်နေရသည်ကို မြင်တတ်ရန်လိုပါသည်။ ကတိပေးထားသည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့သည်မှာ တပ်မတော်၏ သမိုင်းသက်သေတစ်ခုပင်။ သန့်ရှင်းသောရွေးကောက်ပွဲမှ သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွက်လာရေးလမ်းခင်းပေးနိုင်သည့်အတွက် တပ်မတော်အတွက် ဂုဏ်ယူစရာ ဖြစ်ခဲ့သည်။ တပ်မတော်၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်ကြီးထာဝရငြိမ်းချမ်းရေး၊ ရေရှည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။ ထိုရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံ လမ်းမလွဲရန် သတိထားရမည်။

ဦးဆောင်မှုနေရာက ဘာကြောင့်ရှိနေရပါသလဲ

ရေရှည်အကျိုးစီးပွားအပျက်မခံလိုရုံ စိတ်ရှည်သည်းခံပြီး တစ်ဖက်က ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကိုဖြေရှင်းရင်း တစ်ဖက်က နိုင်ငံတိုးတက်အောင်တည်ဆောက်နေခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့ကတစ်ဖွဲ့ကို ယုံကြည်မှုများ မပျက်ပျက်အောင် ဖျက်ဆီးနေသည့်ကြားမှ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ရှိနေသည့် ယုံကြည်မှုလေး တစ်စွန်းတစ်စမျှ မပျက်ယွင်းရလေအောင် သဘောထားကြီးမှုကို ပြသပေးနေခြင်းဖြစ်သည်။ ထိုသို့ စိတ်ရှည်သည်းခံ သဘောထားအမှန်ကို ဆောင်ယူခြင်းသည် တပ်မတော်၏ အစဉ်မပြတ် ခံယူချက်ဖြစ်သည်။ ဘာကြောင့် ဤသို့သဘောထားမျိုးရှိနိုင်ရပါသလဲ။ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဦးဆောင်နေသည့် တပ်မတော်ဖြစ်သည်နှင့်အညီ လူနည်းစုအတွက်မဟုတ် အများအတွက် ကြည့်၍ဖြစ်သည်။

ဤနေရာတွင် တပ်မတော်က အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ဘာကြောင့် ဦးဆောင်မှုနေရာမှ ပါဝင်နေရပါသလဲ။ ယနေ့ Institution တစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေသည့် တပ်မတော်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ပကျူးကျော်မှုနှင့် စစ်ရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်၊ နိုင်ငံရေးအကျပ်အတည်းများမှာ မလွဲမရှောင်သာ ဝင်ရောက်ဖြေရှင်းပေးခဲ့ရသည်၊ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်မှန်သမျှ ကာကွယ်ခဲ့ရသည်၊ ဆူပူအကြမ်းဖက်မှုများစွာကို ကူညီဖြေရှင်းပေးခဲ့ရသည့် တပ်မတော်တစ်ရပ် ဖြစ်သည်ကို မမေ့ရန်လိုပါသည်။

စိတ်ရှည်သည်းခံ၊ အပြန်အလှန်နားလည်မှုပေးခြင်းမှတစ်ဆင့်

အကြောင်းက အမျိုးသားအကျိုးစီးပွားရေးရှုသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းနေခြင်းကြောင့်ဖြစ်သည်။ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားအားလုံးပါဝင်သော ပြည်သူတစ်ရပ်လုံး၏ အကျိုးလိုလားရှာလည်း ဖြစ်ပါသည်။ တပ်မတော်သည် နိုင်ငံ၏အရေးအရာများစွာကို အမျိုးသားရေးတာဝန်တစ်ရပ်နှယ် ခံယူထားသည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ စိတ်ရှည်သည်းခံပေးနေခြင်းဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးက သောင်းကျန်းသူလက်နက်ကိုင်များကင်းစင်မှသာ ဆင်းရဲခြင်းကင်းမည်ဆိုသည်ကို သိသကဲ့သို့ သူပုန်ရှိသည့် တိုင်းပြည် မည်သည့်အခါမျှ မတိုးတက်နိုင်ဆိုသည်ကို တပ်မတော်ကလည်း သိသည်။ သိသည့်ကြားမှ ထာဝရငြိမ်းချမ်းရေးအတွက် ရည်ရွယ်ခြင်းကြောင့်သာ ရှိသမျှ လက်နက်ကိုင်အဖွဲ့အားလုံး ပါနိုင်သမျှ ပါနိုင်အောင် တပ်မတော်က ကြိုးစားခေါ်ယူနေခြင်းဖြစ်သည်ကို မြင်အောင်ကြည့်ရန်လိုသည်။ နိုင်ငံ၏ အဖိုးတန်လူ့အရင်းအမြစ်များ၊ အသက်အိုးအိမ် စည်းစိမ်များ မဆုံးရှုံးစေရန်လည်း ပါဝင်သည်။

ထို့ကြောင့် ဥာဏ်ပညာရှိရှိ ဆင်ခြင်တုံတရားအပြည့်ဖြင့် အမြော်အမြင်ရှေ့ထား လုပ်ကိုင်နေခြင်းဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးရေးအမြင်ဖြင့် ဘက်ပေါင်းစုံမှ ကြိုတင်မြော်တွေးနိုင်၍လည်းဖြစ်သည်။ ထိုအတွေး၊ ထိုခံယူချက်များမှတစ်ဆင့် နားလည်မှုကို ရရှိနိုင်ပါသည်။ ထို့ကြောင့်လည်း အပြန်အလှန်နားလည်မှုမရရအောင် ကြိုးစားပြီး ယုံကြည်မှုမရရအောင် တည်ဆောက်နေခြင်းဖြစ်သည်။ ယုံကြည်မှုအားကောင်းလျှင် စိတ်ဝမ်းကွဲမှုများ ပပျောက်သည်။ ယုံကြည်မှုဆိုသည်မှာ တပ်မတော်နှင့်ပြည်သူအကြား၊ မဏ္ဍိုင်တစ်ခုနှင့်တစ်ခုအကြား၊ တိုင်းရင်းသားများအကြား အပြန်အလှန်ယုံကြည်မှုပင် ဖြစ်သည်။ ယုံကြည်မှုကင်းမဲ့လျှင် ပူးပေါင်းဆောင်ရွက်မှုတွင် အားမကောင်းနိုင်သည့်အချက်ကို လက်တွေ့မြင်ရပြီးဖြစ်သည်။ ထို့ကြောင့် စိတ်ရှည်သည်းခံခြင်းမှသည် အပြန်အလှန်နားလည်မှုကို တည်ဆောက်၊ အပြန်အလှန်နားလည်မှုမှသည် အပြန်အလှန်ယုံကြည်မှုရရှိ၊ ယုံကြည်မှုကို အရင်းတည်သည့် တည်ငြိမ်အေးချမ်းမှုနှင့်အတူ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီသို့ မရောက်ရောက်အောင် သွားနေခြင်းဖြစ်ပါသည်။

ယခုအချိန်မှာ နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းနေပါပြီ။ သို့သော် ကမ္ဘာကြီးက မငြိမ်းချမ်းနိုင်ဘဲ နိုင်ငံတကာမှာ ဖြစ်နေသည့် မျက်မှောက်ခေတ်သစ်စစ်ပွဲများကိုသာ တွေ့မြင်နေရသည်။ ပြည်တွင်းပြည်ပ အန္တရာယ်များကားရှိဆဲ၊ ဆက်လက်ရှိနေမည်ဟုလည်း သုံးသပ်ရမည်။ စွမ်းအင်၊ စားရေရိက္ခာတက်မှတ်မှုစိန်ခေါ်ချက်များက အသင့်စောင့်ကြိုနေသည်ကို မြင်ရမည်။ နိုင်ငံကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြစဉ် ရိုက်ခတ်လာမည့် ဘေးဆိုးအန္တရာယ်များကို မျက်ခြည်ပြတ်၍မရပါ။ ထို့အတွက် တပ်မတော်ကြီး ခိုင်မာတောင့်တင်းနေရန်လိုအပ်သည်။ ပြည်သူများ စည်းလုံးညီညွတ်နေရန်လိုသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြောင့်မတ်နေရန်လိုသည်။ ပြည်သူနှင့် တပ်မတော် အင်အား၊

စာမျက်နှာ ၉ သို့ ✪

❝ရေရှည်အကျိုးစီးပွားအပျက်မခံလိုရုံ စိတ်ရှည်သည်းခံပြီး တစ်ဖက်က ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကိုဖြေရှင်းရင်း တစ်ဖက်က နိုင်ငံတိုးတက်အောင်တည်ဆောက်နေခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့ကတစ်ဖွဲ့ကို ယုံကြည်မှုများ မပျက်ပျက်အောင် ဖျက်ဆီးနေသည့်ကြားမှ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ရှိနေသည့် ယုံကြည်မှုလေး တစ်စွန်းတစ်စမျှ မပျက်ယွင်းရလေအောင် သဘောထားကြီးမှုကို ပြသပေးနေခြင်းဖြစ်သည်။ ထိုသို့ စိတ်ရှည်သည်းခံ သဘောထားအမှန်ကို ဆောင်ယူခြင်းသည် တပ်မတော်၏ အစဉ်မပြတ် ခံယူချက်ဖြစ်သည်။ ဘာကြောင့် ဤသို့သဘောထားမျိုး ရှိနိုင်ရပါသလဲ။ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဦးဆောင်နေသည့် တပ်မတော်ဖြစ်သည်နှင့်အညီ လူနည်းစုအတွက်မဟုတ် အများအတွက် ကြည့်၍ဖြစ်❞

တောင်ကြီးမြို့နှင့်ညောင်ရွှေမြို့တို့တွင် စိုက်ပျိုးထားသော အောင်မြင်နေသည့် ရုရှားနေကြာစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

တောင်ကြီး မတ် ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းခနထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းနှင့် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စ်ငွေစုငွေချေး သမဝါယမအသင်းကဆောင်းနေကြာရုရှားမျိုးစိုက်ပျိုးထားသည့် အခြေအနေများကို ယနေ့တွင်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက (သက်တန့်ရောင်စီမံကိန်း) ရုရှားနေကြာမျိုးစိုက်ပျိုးထားရှိသည့် အသင်းသားများအား အပင်၏အသက်ရက်အလိုက်ကျွေးရမည့်အစာအာဟာရများ အချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ရန်၊ ရာသီကုန်ချိန်တွင် သတ်မှတ် အထွက်နှုန်းရရှိရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် အပွင့်ပွင့်ချိန် အပွင့်အားဆေး၊ ၄ဂါ၊ ကြွက်ရန်ကာကွယ်ရေး၊ ရေလုံလောက်စွာရရှိရေး၊ ပျားပုံးထားရှိရေး၊ အသင်းမှ လိုအပ်လျက်ရှိသော ငွေကြေး၊ အရင်းအနှီး၊ နည်းပညာများ ရရှိစေရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေး နည်းပညာရှင်များ၊ မြို့နယ်သမဝါယမ အသင်းစုများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပိုးတောင်း**

ပြည်တွင်းရေးရာ

တပ်မတော်သည်

- ❖ နိုင်ငံ့ရေးရာ၊ ဘယ်သောခါမှ သစ္စာမဖောက်၊ မယွင်းမှောက်။
- ❖ ပြည်သူ့ပြည်သား၊ ကိုယ့်သွေးသားဟု လေးစားချစ်ကြည်၊ ကောင်းကျိုးရည်။
- ❖ လူမျိုး နိုင်ငံ၊ စောင့်ရှောက်ရန်တွက် မာန် ဇွဲ သတ္တိ၊ အပြည့်ရှိ။
- ❖ နိုင်ငံ လူမျိုး၊ ဂုဏ်မည့်ဖို့ ကြိုးပမ်းဆောင်ရွက်၊ စဉ်မပျက်။
- ❖ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား တန်ဖိုးထားကာ **သုံးပါးအရေး**၊ ကာကွယ်ပေးလျက် **လေးချက်သစ္စာ**၊ စောင့်ထိန်းပါမည် **ခန္ဓာခိုင်ကျည် တည်သရွေ့**။ ။

မျိုးမြတ်မြတ်မြင့်မောင်

[(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်]

မြောင်းမြမြို့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများက ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ၆၀၀ ခန့်အား အခမဲ့ဆေးကုသပေး

အိမ်မဲ မတ် ၂၁

ရောဝတီတိုင်း ဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အထက ကြို့ကုန်းကျောင်းတွင် စုရပ်ပြုလုပ်ပြီး မြောင်းမြမြို့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်း၍ ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းကို ယနေ့နံနက် ၈ နာရီက စတင်ကုသပေးသည်။

အဆိုပါကွင်းဆင်း ဆေးကုသပေးခြင်းကို မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ အထူးကု ဆေးကုသရေးအဖွဲ့သည် မတ် ၂၁ ရက်တွင် ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ ကုသပေးခဲ့ရာ၌ အထွေထွေရောဂါလူနာ ၁၄၄ ဦး၊ မျက်စိလူနာ ၁၀၁ ဦး၊ အရိုးအကြောလူနာ ၁၅၇ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၆ ဦး၊ ကလေးရောဂါလူနာ ၂၆ ဦး၊ အရေပြားလူနာ ၃၀၊ ကိုယ်အင်္ဂါပြန်လည်သန်းစွမ်းရေးလူနာ ၃၇ ဦး၊ နား/နှာခေါင်း/လည်ချောင်းလူနာ ၂၇ ဦး၊ သားဖွားမီးယပ်လူနာ ၁၁ ဦး၊ ခွဲစိတ်ရောဂါလူနာ ၁၆ ဦးတို့အား ကြည့်ရှုကုသပေးသည်။

အဆိုပါ ကုသနေမှုများအား မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လာရောက်ပြသသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)

◎ စာမျက်နှာ ၈ မှ

အမျိုးသားညီညွတ်မှုအားဖြင့် ပြည်ထောင်စုကြီး အင်အားရှိနေရန် လိုအပ်သည်။ နိုင်ငံသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အတွေ့အကြုံ၊ သင်ခန်းစာများအရ တပ်မတော်မရှိလျှင်မဖြစ်သည့် အနေအထားတွင် တပ်မတော်မရှိဘဲ နိုင်ငံတစ်နိုင်ငံသည် မည်သို့မျှ ရပ်တည်နိုင်စွမ်းမရှိဟူသော အဖြေရ၍ တပ်မတော်သည်သာ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည်ကို တွေ့မြင်နိုင်သည်။

ထို့အတွက်နိုင်ငံ၏လူငယ်စွမ်းအားအရင်းအမြစ်ကို အကောင်းဆုံးအသုံးချနိုင်ခဲ့သဖြင့် ပြည်သူ့စစ်မှုထမ်းနှင့် အမျိုးသမီးစစ်မှုထမ်းများသည် ယခုအခါ နိုင်ငံ၏ကာကွယ်ရေးအင်အားများအဖြစ် နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပါပြီ။ လူသားအရင်းအမြစ်အပြင် ကြည်း၊ ရေ၊ လေ လက်နက်၊ ပစ္စည်းအင်အားနှင့် စွမ်းပကားကိုလည်း တိုးချဲ့အဆင့်မြှင့်တင်ပြီး နိုင်ငံတကာအဆင့်မီ စွမ်းရည်ထက်မြက်သည့် တပ်မတော်တစ်ရပ် ဖြစ်အောင် ကြိုးစားတည်ဆောက်နေသည်ကို တွေ့ရပေမည်။ နည်းပညာဖြင့် အဆင့်မြှင့်၊ ဝယ်ယူဖြည့်တင်းသင့်သည်ကို ဖြည့်ဆည်း၊ ကိုယ်ပိုင်ထုတ်လုပ်နိုင်သည်ကို ကိုယ်တိုင်ထုတ်လုပ်လာနိုင်သည့်အခါ စစ်လက်နက်အသုံးအဆောင်ပစ္စည်းများသည် ယခင်ကထက်ပိုမို ခေတ်မီလာသည်။ မိတ်ဖက်နိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ခြင်းဖြင့် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှသည် နိုင်ငံတကာဆက်ဆံရေးဝန်းကျင်ကောင်းများ ဖန်တီးနိုင်ခဲ့သည်ကို တွေ့ရသည်။

စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများဖြင့် ...

မြန်မာ့တပ်မတော်၏ ခေတ်အဆက်ဆက် ပြည်သူ့ကို အလုပ်အကျွေးပြုသည့် ဆောင်ရွက်ချက်ကောင်းများစာ၏ရလဒ်များကို တိုင်းတာရာတွင် ရန်သူအတွက် စစ်ပွဲမဟုတ်သည့် ပြည်သူ့အတွက် စစ်ဆင်ရေးများစွာနှင့်လည်း တိုင်းတာနိုင်ပါသည်။ စစ်ရေးအမြင်တစ်ခုတည်းမဟုတ်ဘဲ စစ်ပွဲမဟုတ်သည့် စစ်ဆင်ရေးများအဖြစ် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေးကောင်းများစွာကို တည်ဆောက်နိုင်ခဲ့ပါသည်။ စစ်ဘက်၏ စုစည်းမှုအားကောင်းသော အရင်းအမြစ်များကို စွမ်းဆောင်ရည်ရှိရှိ စနစ်တကျ အသုံးချနိုင်မှု၊ နည်းပညာကို မျှဝေဖလှယ်နိုင်ခဲ့မှုများသည် မြန်မာ့တပ်မတော်၏ အားသာချက်များ ဖြစ်ခဲ့ပါသည်။

ထိုအားသာချက်များဖြင့် ပြည်သူတို့၏ လူမှုဘဝလုံခြုံရေးကို တာဝန်ယူ၍ နိုင်ငံ၏ပုံရိပ်အား မြှင့်မားနိုင်ခဲ့သည်ကို တွေ့ရသည်။ သာဓကပြရလျှင် သမားရိုးကျမဟုတ်သည့် ကိုဗစ်-၁၉ ကပ်ဆိုးကြီးကဲ့သို့သော စိန်ခေါ်မှုများကို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရစဉ်က တပ်မတော်ကို အဓိကမဏ္ဍိုင်ထား၍ စစ်ဘက်-အရပ်ဘက် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့မှုများကို ပြသနိုင်ပါသည်။ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဟူသောမူအောက်တွင် ကန့်သတ်ပိတ်ဆို့မှုများကို အလေးမထား၊ စစ်သည်-အရပ်သားမခွဲခြားဘဲ တပ်မတော်ဆေးရုံများတွင် လက်ခံကုသပေးခဲ့သည်။

ဒုက္ခရောက်ပြည်သူများ၊ သံဃာ၊ သီလရှင်များကို ကူညီစောင့်ရှောက်နိုင်ခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသောဒေသများရှိ သန်းနှင့်ချီသည့်ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များက နယ်လှည့်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ကျရောက်သည့် နိုင်ငံအနှံ့ မည်သည့်နေရာမဆို တပ်မတော်တပ်ရင်းတပ်ဖွဲ့များ ချက်ချင်းရောက်သည်။ အချိန်ပိုင်းအတွင်း တုံ့ပြန်နိုင်စွမ်းရှိသည်။

လူမှုဘဝလုံခြုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စစ်ဆင်ရေးပမာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများ၏ ပညာရည်မြှင့်တင်ရေးအပိုင်းမှာ အထူးအားထည့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံကို ပညာဖြင့်တည်ဆောက်ရာတွင် တပ်မတော်က တစ်စိတ်တစ်ပိုင်း ပံ့ပိုးကူညီပါဝင်နေခြင်းကို မြင်အောင်ကြည့်ရပါမည်။ တပ်ကို တည်ဆောက်ရာအချက်လေးချက်အနက် စိတ်ဓာတ်ဖြင့် တည်ဆောက်ဆိုသည့်အချက်တစ်ခု ပါဝင်နေရာ ပညာအခြေခံသောစိတ်ဓာတ်ဖြင့် တပ်ကို ကောင်းအောင် တည်ဆောက်နေမှုကို ပြသရာလည်း ရောက်ပါသည်။

(၈၁) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ယခုဆောင်းပါးကို ယနေ့ဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းပဋိပက္ခကို မြင်အောင်ကြည့်ရန် တိုက်တွန်းလျက် နိဂုံးချုပ်လိုပါသည်။ နိုင်ငံအချင်းချင်း လက်နက်ကိုင်ပဋိပက္ခကြားက မြေစာပင် ဖြစ်ရာသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်တွေ ဘယ်လောက်ထိခိုက်နစ်နာဆုံးရှုံးနေရပါသလဲ။ အနှစ်နှစ် အလလ ထူထောင်ထားသည့် နိုင်ငံ၏ အရင်းအမြစ်များစွာ ဘယ်လောက်ဆုံးရှုံးသွားခဲ့ပြီလဲ။ မြင်နိုင်ပါလိမ့်မည်။ စစ်ဆိုတာ မဖြစ်တာ အကောင်းဆုံးပါ။ ဖြစ်ခဲ့လျှင်လည်း ခံနိုင်ရည်ရှိမှဖြစ်သည်။ ခံနိုင်ရည်ရှိဖို့ကလည်း တပ်မတော်အင်အားတောင့်တင်းမှ၊ နိုင်ငံအားကောင်းမှ ဖြစ်မည်ဆိုသည်ကို သတိရစေချင်သည်။

ထို့ကြောင့် လက်နက်ကိုင်အဖျက်သမားများက စစ်ကို မဖန်တီးနိုင်အောင် ပြည်သူများက တပ်မတော်နှင့် ပူးပေါင်းရမည်။ တပ်မတော်ကို ကူညီရပါမည်။ တပ်မတော်နှင့်ပြည်သူ အပြန်အလှန်ကူညီ၍ တပ်မတော်၏ ဂုဏ်၊ နိုင်ငံ၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းကြရပါမည်။ ။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျှောဒါန်းခြင်းခံရသည့် ဆရာတော်ကြီး လေးပါးနှင့် သာသနာ့ဓနရယ်ဝင် သီလရှင်ဆရာကြီး တစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြု ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲကျင်းပ

နေပြည်တော် မတ် ၂၁

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လျှောဒါန်းခြင်းခံရသော ဆရာတော်ကြီး လေးပါးနှင့် သာသနာ့ဓနရယ်ဝင် သီလရှင် ဆရာကြီးတစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုဂုဏာဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးနှင့် ကျင်းပသည်။ အခမ်းအနားသို့ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ နန္ဒာသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဇည့်ပရိသတ်များက စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြို့နယ် သြဝါဒါစရိယ စစ်တွေမြို့ ပညာလက်ဘရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ နာဂိန္ဒက သမ္မောဒနီယ သြဝါဒကထာကို ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လျှောဒါန်းခြင်းခံရသော ဆရာတော်ကြီး လေးပါးဖြစ်သည့် စစ်တွေမြို့ ပညာလက်ဘရကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ နာဂိန္ဒ၊ မင်းပြားမြို့ ပရိယတ္တိ ဓမ္မိကာရုံ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာစရိယ၊ စစ်တွေမြို့ ဒဂ္ဂိဏာရာမ ပရိယတ္တိ စာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ဌဝါစကပဏ္ဍိတ ဘဒ္ဒန္တ မေဃိယ၊ စစ်တွေမြို့ ခေါင်းလောင်း ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စက္ကိန္ဒနှင့် သာသနာ့ဓနရယ်ဝင် သီလရှင် ဆရာကြီး တစ်ပါးဖြစ်သော စစ်တွေမြို့ခေမာသီဝံ သီလရှင် သာသနာပြုကျောင်းတိုက်မှ သီလရှင် ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်သုဓမ္မစာရိတို့အား ထပ်ဆင့်ဂုဏ်ပြုလွှာများ ဆက်ကပ်ပူဇော်၍ ဆရာတော်၊ သံဃာတော်များအား လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှောဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့ ဝိမလဓမ္မနာဒ (ဓာတ်လယ်) ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသုဝဏ္ဏထံမှ အနုမောဒနာတရားနာယူ၍ လျှောဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် သာသနာ့ဗိမာန်ရှေ့တွင် ဆွမ်းဆန်တော်နှင့် လျှုဖွယ်ပစ္စည်းများ လောင်းလျှူပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ဆွမ်းဆန်တော်နှင့် လျှုဖွယ်ပစ္စည်းများ၊ နဝကမ္မအလျှုဌေများ ဆက်ကပ်လောင်းလျှူကြကြောင်း သိရသည်။

သတင်းစဉ်

မိုးကုတ်မြို့နယ် ရွှေဂူကြီးစေတီတော်တွင် စေတီတော် ရေသပွာယ်ခြင်းနှင့် ရင်ပြင်တော် သန့်ရှင်းရေးဆောင်ရွက်

မိုးကုတ် မတ် ၂၁

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရွှေဂူကြီးစေတီတော်တွင် ရေသပွာယ်ခြင်းနှင့် ရင်ပြင်တော်သန့်ရှင်းရေးများ ဆောင်ရွက်ခြင်းတို့ကို ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

အဆိုပါ ရေသပွာယ်ခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၂၀ ခန့်က ရွှေဂူကြီးစေတီတော်အား ရေသပွာယ်ခြင်းနှင့် ရင်ပြင်တော်အား သန့်ရှင်းရေးများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်နေမှုကို မိုးကုတ်မြို့နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး သက်ထွဋ်ဝင်းနှင့်အဖွဲ့က ကြည့်ရှုရှု လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ပညာသီရိဗိမာန်တော်၌ အကြိမ်(၄၀)မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မတ်၂၀ ရက်တွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သျှင်ဝင်းသျှင်

ပခုက္ကူမြို့ မဟာဝိသုတာရာမပါဠိတက္ကသိုလ်(အလယ်တိုက်)ကြီး၏ မဟာနာယကဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာဝိသိဋ္ဌပူဇနီယမဂ်လာနှင့် သက်တော်(၈၁)နှစ် ဝိဇာတမဂ်လာပွဲကျင်းပ

ပခုက္ကူ မတ် ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ် (အလယ်တိုက်) ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရုဂုဏာဝိသိဋ္ဌပူဇနီယမဂ်လာနှင့် သက်တော်(၈၁)နှစ် ဝိဇာတမဂ်လာပွဲကို မတ်၂၀ ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမပါဠိတက္ကသိုလ် (အလယ်တိုက်) ဆရာတော်ကြီး ဘဒ္ဒန္တပညာဓောတ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ချီးမြှင့် ဆက်ကပ်သော အဘိဓဇမဟာရဋ္ဌ ဂုရု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး သန်းဝင်းတို့က လည်းကောင်း၊ လျှုဖွယ်ဝတ္ထုပစ္စည်းများကို ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပည့်ဒါယကာ ဒါယိကာမများကိုယ်စား ပခုက္ကူမြို့ တိလောကဘုန်းတော်ကြီး သင်ပညာရေးကျောင်းနှင့် ပါရမီရိပ်သာတို့၏ ပဓာနနာယကဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) က ဂုဏာဝိသိဋ္ဌပူဇနီယဂါထာ ရွတ်ဖတ်ပူဇော်ခြင်း၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ် (အလယ်တိုက်)ကြီး၏ အမှူဆောင်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးမြင့်က ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားပြောကြားခြင်း၊ မဟာဝိသုတာရာမ ပါဠိတက္ကသိုလ် (အလယ်တိုက်) ဆရာတော်ကြီး ဘဒ္ဒန္တပညာဓောတ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုခြင်း၊ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်အပေါ် ၃၀၀ အား လျှုဖွယ်ဝတ္ထုပစ္စည်းများကို မဲချစနစ်ဖြင့် လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ထန်းတပင်မြို့နယ်၌ အခြေခံပုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာနှင့် ကိုယ်ကာယကြံ့ခိုင်ရေးသင်တန်းဖွင့်

ထန်းတပင် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ နေထိုင်တတ်စေရန်ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ယဉ်ကျေးလိမ္မာနှင့် ကိုယ်ကာယကြံ့ခိုင်ရေးသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ် ပညာရေးမှူး(စီမံ/ဘဏ္ဍာ) ဦးဇောဏီမောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြား၍ အဆိုပါသင်တန်းကို ဆရာ ဆရာမများက ၁၀ ရက်ကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ		မန္တလေးလိပ်စာ
အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။	လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။	ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် သတင်းအချက်အလက် နည်းပညာတက္ကသိုလ်တို့၌ ကျောင်းသားများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဧရယျာသည် မတ် ၂၀ ရက် နံနက် ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိ၊ ရာ အင်ဂျင်နီယာဘာသာရပ်နှင့် သင်တန်းနှစ်များ အလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ အား ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့ စွာ စာမေးပွဲဖြေဆိုနိုင်ရေး လိုအပ်သည်များ ပံ့ပိုး ဆောင်ရွက်ပေးရန်၊ စာမေးပွဲပြီးချိန်၌ Academic Calendar အတိုင်း လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်သွားရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာ တွင် အထောက်အကူပြုမည့် အရည်အသွေးပြည့်မီ သော မျိုးဆက်သစ်အင်ဂျင်နီယာကောင်းများ စဉ်ဆက်မပြတ်မွေးထုတ်သွားနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်နေ့ကာ ဒုတိယဝန်ကြီးသည် ပင်မဆောင် အနီးဝန်းကျင်၊ တက္ကသိုလ်ဥပမိရုပ် တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှု၊ စာကြည့်တိုက်၌ အခန်းအလိုက် စာအုပ်များ ဖြည့်ဆည်းထားရှိမှုနှင့် ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုမှု အဆင်ပြေစေရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သတင်း အချက်အလက်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိ ပြီး စာမေးပွဲခန်းတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး ကာ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယ ဝန်ကြီးသည် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော် က အမှန်တကယ်အားထားရသောထူးချွန်သည့် IT လူငယ်ပညာရှင်များကို စံနှုန်းများပြည့်မီစွာပျိုးထောင် ပေးနိုင်ရေး၊ ပြည်သူများ၏ ရေရှည်အကျိုးစီးပွား အတွက် AIအပါအဝင်ထွန်းသစ်စ IT နည်းပညာဆန်းသစ် တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားကာ လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်မဆောင် နှင့် တက္ကသိုလ်ဥပမိရုပ်တင့်တယ်စေရေး ဆောင်ရွက် ထားရှိမှုများ၊ စာကြည့်တိုက်၌ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ သုတ၊ ရသစာအုပ်များ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သူနာပြုတက္ကသိုလ် (မန္တလေး) (၂၃)ကြိမ်နှင့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

မန္တလေး မတ် ၂၁

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူစွမ်းအားအရင်း အမြစ်ဦးစီးဌာန သူနာပြု တက္ကသိုလ် (မန္တလေး)၏ (၂၃) ကြိမ်နှင့် (၂၄) ကြိမ်မြောက်ဘွဲ့နှင်း သဘင်အခမ်းအနားကို မတ် ၂၁ ရက်က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ သည်။

သူနာပြုတက္ကသိုလ် (မန္တလေး) ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်က သူနာပြု သစ္စာအမ်ခ်ာန်(စ)ချက်ကို တိုင် ပေးပြီး သူနာပြုပါရဂူဘွဲ့၊ သူနာပြု မဟာသိပ္ပံဘွဲ့၊ အထူးပြုသူနာပြု ဒီပလိုမာဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့ များအတွက်ကောင်းစွာအောင်မြင် ပေါက်မြောက်ခဲ့ပြီဟု ပညာရေး အဖွဲ့က ကြေညာခြင်းခံကြရသူ များအား သက်ဆိုင်ရာဘွဲ့များ အပ်နှင်းသည်။

(၂၃) ကြိမ်မြောက် ဘွဲ့နှင်း သဘင်အခမ်းအနားတွင် ဘွဲ့ တက်ရောက်ယူသူ သူနာပြုပါရဂူ ဘွဲ့ လေးဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၁၈ ဦး၊ အထူးပြုသူနာပြုဒီပလိုမာ ရှစ်ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၂၄ ဦး၊ အဝေးရောက်ဘွဲ့ယူသူ အထူးပြု သူနာပြုဒီပလိုမာ နှစ်ဦးနှင့် သူနာပြု သိပ္ပံဘွဲ့ ၂၃ ဦး၊ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့ရရှိသူ သူနာပြုသိပ္ပံဘွဲ့ ၁၉၈ ဦးတို့ကို ပါမောက္ခချုပ်က ဘွဲ့ လက်မှတ်များပေးအပ်ကာ ဘွဲ့နှင်း သဘင်မိန့်ခွန်းပြောကြားသည်။

သူနာပြုတက္ကသိုလ်(မန္တလေး) အနေဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၈ ခုနှစ် နိုဝင်ဘာလမှစပြီး ၂၇ နှစ်တာကာလအတွင်း သူနာပြု ပါရဂူဘွဲ့ ၁၀ ဦးနှင့် သူနာပြုမဟာ သိပ္ပံဘွဲ့ ၁၈၈ ဦး၊ အထူးပြုသူနာပြု ဒီပလိုမာဘွဲ့ ၄၁၅ ဦး၊ သူနာပြုသိပ္ပံ ဘွဲ့(ပုံမှန်) ၃၀၆၇ ဦး၊ သူနာပြု သိပ္ပံဘွဲ့ (ပေါင်းကူး) ၂၂၁၆ ဦး စုစု ပေါင်း ၅၈၉၆ ဦးတို့အား ဘွဲ့ အပ်နှင်းနိုင်ခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

အသုတ်မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ရေကြည် မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်ကာ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းကို အသုတ် မြို့မဈေးကြီး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့်တပ်ဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ဈေးဆိုင်ခန်းများတွင် မီးဘေးလုံခြုံရေး စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပူတာအိုမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပူတာအို မတ် ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့တွင် အပြည်ပြည်ဆိုင်ရာသစ်တော များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပူတာအို ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသည့် ခရိုင်စီမံခန့်ခွဲ ရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင် နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သစ်တော သယံဇာတထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရေသောအဖွဲ့အစည်းများနှင့် သစ်စက်လုပ်ငန်းရှင်များက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် Vedio Clips ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

လွိုင်လင်မြို့၌ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးရုံကမ္မည်းမော်ကွန်းကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဆေးရုံသစ်ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံသစ်ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရပ်စောက်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ထီးခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား အဆိုပါကျေးရွာရှိ ထီးတစ်ပင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသား ပြည်သူ ၂၂၅ ဦးတို့အား အရိုးအကြောရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ အာထရာဆောင်းစက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗောဓိမဏ္ဍိုင် သီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင်များအား အဆိုပါ စာသင်တိုက်ရှိ ဓမ္မာရုံ၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့များက သာသနာ့နွယ်ဝင် သီလရှင် ၁၁၅ ပါးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနား ကျင်းပ

ပုသိမ် မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး တိုင်းဧရာဇည့်ရိပ်သာ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောခိုင်ဦးက **"သစ်တောများနှင့် စီးပွားရေး"**ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

။ ဘရိုက်တန်အသင်းမှ

ဝဲလ်ဘက်ရဲ့သွင်းဂိုးနဲ့ ပြန်လည်ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘရိုက်တန်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်မှာ အိမ်ရှင် ဘရိုက်တန်အသင်းရဲ့ ၄-၂-၃-၁ ကစားကွက်က အနိုင်ရလဒ်ကို ဆောင်ကြဉ်းနိုင်ခဲ့ပေမယ့် လီဗာပူးအသင်းရဲ့ ၄-၁-၃-၂ ကစားကွက်ကတော့ အရှုံးရလဒ်နဲ့သာ ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလီဂ်ပွဲစဉ်(၃၁)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၉ မှတ်စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၄)နေရာ တက်လှမ်းနိုင်မယ့် အခွင့်အရေးနဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

ဘရိုက်တန်အသင်းကတော့ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလီဂ်ပွဲစဉ်(၃၁)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာ တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြေယ်

မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေခတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စိုး၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ဆာနာအဲ တာကာအိချိတို့ ဝါရှင်တန်၌ တွေ့ဆုံ

တိုကျို၊ မတ် ၂၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ဆာနာအဲ တာကာအိချိတို့က ဝါရှင်တန်၌ တွေ့ဆုံကာ အရှေ့အလယ်ပိုင်းဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ရေနံစီးဆင်းမှုနှင့် အမေရိကန်ပြည်ထောင်စုတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအပါအဝင် နှစ်နိုင်ငံ ရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်

ယခုတွေ့ဆုံမှုသည် ပြီးခဲ့သည့်အောက်တိုဘာလမှစပြီး ဒုတိယအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံမှုဖြစ်သည်။

အထက်ပါကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များကို ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့သည်။

ထို့ပြင် ဂျပန်နှင့် အမေရိကန်တို့က အရှေ့အလယ်ပိုင်း၌ ဖြိုမိုးချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် အနီးကပ်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းနှင့် ဟော်မုဇ်ရေလက်ကြား၌ ရေကြောင်းလုံခြုံရေးနှင့် တည်ငြိမ်သော စွမ်းအင်ထောက်ပံ့မှု အာမခံချက်ရရှိရန်လည်း ၎င်းတို့က ဆွေးနွေးခဲ့ကြသည်။

အမေရိကန်၏ ရေနံထုတ်လုပ်မှု တိုးမြှင့်ရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် ဆာနာအဲ တာကာ အိချိက ပြောကြားခဲ့သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

ပါကစ္စတန်နိုင်ငံ၌ 5G အင်တာနက်ဝန်ဆောင်မှု စတင်

အစ္စလာမ္မာဘတ် မတ် ၂၁

ပါကစ္စတန်နိုင်ငံ၌ ဆက်သွယ်ရေးကုမ္ပဏီ သုံးခုက နိုင်ငံအတွင်းရှိ မြို့အများအပြားတွင် 5G အင်တာနက်ဝန်ဆောင်မှုကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းကုမ္ပဏီများက အစိုးရထံမှ လေလံဈေးပြိုင်စနစ်ဖြင့် တရားဝင်လိုင်စင်များရယူပြီးနောက် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်သည်။

အင်တာနက် မြန်နှုန်းမြင့်တင်ရန် ရည်ရွယ်၍ Jazz၊ Zong နှင့် Ufone ဆက်သွယ်ရေးကုမ္ပဏီ သုံးခုတို့က 5G ဝန်ဆောင်မှုများကို မြို့တော် အစ္စလာမ္မာဘတ်နှင့် ပြည်နယ်မြို့တော်များတွင် ကနဦး စတင်မည်ဖြစ်ပြီး နိုင်ငံ၏ အခြားဒေသများသို့ ဆက်လက်တိုးချဲ့သွားမည်ဖြစ်သည်။

5G လိုင်စင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှရတ်ဖိက လေလံတင်ခြင်းလုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

5G မိတ်ဆက်မှုသည် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍများတွင် ပါကစ္စတန်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် ရှာဘတ်ရှရတ်ဖိက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း 5G အဆင့်မြှင့်တင်မှုသည် နိုင်ငံတစ်ဝန်းရှိ လူငယ်များကို ခေတ်မီနည်းပညာများဖြင့် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်အစိုးရက ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အချိန်ပိုနာရီများ လျှော့ချရန်အတွက် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုရန်စီစဉ်

တိုကျို၊ မတ် ၂၁

ဂျပန်အစိုးရက အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် အချိန်ပိုနာရီများကို လျှော့ချရန် အတွက် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုရန် စီစဉ်နေကြောင်း သိရသည်။

အစိုးရအဖွဲ့ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ယမန်နေ့က တွေ့ဆုံခဲ့သည်။

အစိုးရဝန်ထမ်းများအတွက် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်ဘဝ ဟန်ချက်ညီမှုကို မြှင့်တင်ရန် ဖြစ်ကြောင်းလည်း သိရသည်။

ဉာဏ်ရည်တု နည်းပညာ အသုံးပြုမှုသည် စာရွက်စာတမ်းများ ဖန်တီးခြင်းနှင့် အခြား အလုပ်များ လုပ်ဆောင်ရာတွင် ထိရောက်မှု ပိုကောင်းလာစေရန် ကူညီပေးကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အစိုးရ ဝန်ထမ်းများအား အချိန်ပိုအလုပ်ချိန် လျှော့ချရန် အတွက် လွတ်တော်ကော်မတီ အစည်းအဝေးများတွင် အစိုးရ အဖွဲ့ဝန်ကြီးများ၏ မေးခွန်းများနှင့် ဖြေကြားချက်များကို ပြင်ဆင်ရေးသားရာတွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုရန်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဝန်ထမ်းများအား အလုပ်တာဝန်များ ထမ်းဆောင်ရာတွင် သက်သောင့်သက်သာရှိစေရန်နှင့် လုပ်ငန်းခွင် စိတ်ကျေနပ်မှုရှိရန် လိုအပ်ကြောင်းလည်း ၎င်းတို့က ပြောကြားခဲ့သည်။

ဝန်းထမ်းစုဆောင်းခြင်းအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပြိုင်ဆိုင်မှုများ ပြင်းထန်နေချိန်တွင် ယခုကဲ့သို့ ဉာဏ်ရည်တုနည်းပညာ အသုံးပြုကာ လုပ်ငန်းများ ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းမှုတစ်ရပ် ထွက်ပေါ်လာခြင်း ဖြစ်သည်။ အရည်အချင်း ပြည့်မီသော ဝန်ထမ်းများကို ခေါ်ယူနိုင်မှုမရှိခြင်းသည် မူဝါဒရေးရာကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ဆောင်မှုများ၏ အရည်အသွေးနိမ့်ကျမှုကြောင့် ဖြစ်ကြောင်းလည်း ၎င်းတို့က သုံးသပ်ပြောကြားခဲ့သည်။

ကိုးကား - အင်နန်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

တရုတ်နိုင်ငံ၏ လျှပ်စစ်ကား အားသွင်းယူနစ်ပေါင်း ၂၁ ဒသမ ၀၁ သန်းအထိ ရောက်ရှိ

ပေကျင်း မတ် ၂၁

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားအားသွင်းမှုပမာဏသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် အားသွင်းယူနစ်ပေါင်း ၂၁ ဒသမ ၀၁ သန်းအထိ ရောက်ရှိခဲ့ပြီး နှစ်စဉ် ၄၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အမျိုးသားစွမ်းအင် စီမံခန့်ခွဲရေးအဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

အများသုံး လျှပ်စစ်ကားအားသွင်းနေရာများ၌ အားသွင်းယူနစ်ပေါင်း ၄ ဒသမ ၈၃၄ သန်းရှိပြီး ယခင်နှစ်ကထက် ၂၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အလားတူ ကိုယ်ပိုင်အားသွင်းကိရိယာအသုံးပြု အားသွင်းယူနစ်ပေါင်း ၁၆ ဒသမ ၁၇၆ သန်းရှိခဲ့သည်။ နှစ်စဉ် ၅၄ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်ပြီး လူနေအိမ်များ၌ ကိုယ်ပိုင် အားသွင်းကိရိယာအသုံးပြုမှု များပြားလာကြောင်း သိရသည်။

အဆိုပါအချက်အလက်များက လျှပ်စစ်ကား အရောင်းမြင့်တင်မှုနှင့်အတူ တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် မီးမောင်းထိုးပြလျက်ရှိသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ လျှပ်စစ်ကားကဏ္ဍသည် ထုတ်လုပ်မှုနှင့် ရောင်းအား စုစုပေါင်း အစီးရေ ၁၆ ဒသမ ၆၂၆ သန်းနှင့် ၁၆ ဒသမ ၄၉ သန်း အသီးသီးမြင့်တက်ခဲ့ပြီး နှစ်စဉ် ၂၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း အများသူငှာအားသွင်းနိုင်မှု ကီလိုဝပ်သန်း ၃၀၀ ကျော်နှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားသွင်းနိုင်သည့်နေရာ ၂၈ သန်းကို ထူထောင်ရန် ရည်မှန်းထားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

ဂျပန်နည်းပညာကုမ္ပဏီ SoftBank Group က အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်၌ ဒေတာစင်တာအသစ်တစ်ခု တည်ဆောက်မည်

တိုကျို၊ မတ် ၂၁

ဂျပန်နည်းပညာကုမ္ပဏီ SoftBank Group က အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်၌ အဓိကကျသော ဒေတာစင်တာအသစ်တစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း ယနေ့ ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ နည်းပညာပြိုင်ဆိုင်မှုများ ပြင်းထန်နေချိန်နှင့် အမေရိကန်ပြည်ထောင်စု၌ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ကိရိယာများဝယ်လိုအား မြင့်တက်နေချိန်တွင် အဆိုပါစီမံကိန်း ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းစီမံကိန်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းစဉ်များ စတင်မည်ဖြစ်သည်။

ဒေတာစင်တာကို သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ အဆောက်အအုံအတွင်း ဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါစက်ရုံတည်ဆောက်မှုသည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်အရ အမေရိကန်နိုင်ငံ၌ ပြုလုပ်မည့် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

SoftBank Group ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဆွန်မာဆာယိုရှိက လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အုတ်မြစ်ချခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် စွမ်းအင်ပြတ်လပ်နေပြီး ဒေတာစင်တာများ ပိုမိုလိုအပ်နေချိန်တွင် ၎င်း၏ကုမ္ပဏီက လိုအပ်ချက်ကို ဖြည့်ဆည်းရန်ရည်ရွယ်ထားကြောင်းနှင့် အမေရိကန်နိုင်ငံ၌ ဆက်လက်ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိကြောင်း ဆွန်မာဆာယိုရှိက ပြောကြားခဲ့သည်။

ဒေတာစင်တာတစ်ခုသည် အခြေခံအားဖြင့် ကွန်ပျူတာများ(ဆာဗာများ)ဖြင့် ပြည့်နှက်နေသော အဆောက်အအုံကြီး ဖြစ်သည်။ အက်ပလီကေးရှင်းနှင့် ဝက်ဘ်ဆိုက်များအတွက် ဒေတာအချက်အလက်များ သိမ်းဆည်းနိုင်ခြင်းနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စနစ်များကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်သည်။ **ကိုးကား - အင်နန်အိတ်ချ်ကေ**

ဘာသာပြန် - အောင်ကျော်ကျော်

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယ ဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်သစ်များကို ပြုစုပျိုးထောင်ရန်အတွက် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းနယ်ပယ် အသီးသီးရှိ လူငယ်ပေါ်မှီ အားအစြမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်ကာ ကုန်သွယ်မှုသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ရာ လက်ရှိကာလအထိ ကုန်သွယ်မှု အခြေခံသင်တန်း (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) ၁၂ ကြိမ်၊ အဆင့်မြင့်သင်တန်း သုံးကြိမ်၊ ကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) ၁၂ ကြိမ်၊ ရက်တိုသင်တန်း ၁၉ ကြိမ်၊ နယ်စပ် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်းသင်တန်း တစ်ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပြီး စုစုပေါင်းသင်တန်းသားဦးရေ ၃၇၇၄ ဦးအထိ သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသား သင်တန်းသူများကို ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်း၊ ဌာနများ၊ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များသို့ လက်တွေ့လေ့လာရေးခရီးစဉ်များကို စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ပို့ချမှုများကို စိတ်ပါဝင်စားစွာ လေ့လာ မှတ်သားကြစေလိုကြောင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးရရှိအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို တစ်နေ့သုံးနာရီဖြင့် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ကာ စုစုပေါင်းသင်တန်းသား ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၂၁

ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာ ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာ ကျောင်းများ၌ ကျောင်းဝင်း အတွင်း/အပြင်ရှိ ချိန်ခွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီး ကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနာ့ဗိမာန်များ၊ ဘိုးဘွားရိပ်သာများနှင့် လမ်းများ၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချိန်ခွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၃-၂၀၂၆ တနင်္ဂနွေနေ့

MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီးဆီပလိုတ် တရားတော်(ဟံလေသုတ်)
- ၀၇:၀၀ နံနက်သင်းသတင်း
- ၀၇:၁၅ ဂကွန်းအပိုင်းရဲ့ **'ချစ်ရာသုံးပိသားစု'** (အပိုင်း-၄၁)
- ၁၀:၀၀ သတင်းသားပြောကဲ့သတင်းစကား
- ၁၀:၂၀ (၀၁)နှစ်မြောက်တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု အပိုအစုံ'ပြည်သူ့စပါးမွန့် တေးသံတက်' တေးဗီဒီယိုကြည့်ရှုတိုက်ရိုက်မျှဝေခြင်း (ပွဲစဉ်-၃)
- ၁၂:၄၅ This Week's Special Interest
- ၁၃:၁၀ ဆယ်ရက်နှစ်သက်တလုံးချုပ်-ပဲခေါင်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၀၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုရန် မြန်မာ့ဌာနဝင်ရုပ်ရှင် **'ဖျင်းရင့်တစ်'**
- ၁၆:၁၅ (၀၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၆:၄၅ Sports Diary

mtv

- 07:01 Evergreen Classic: Suvanna Sama
- 07:10 Reconservation Thatbyinnyu Temple
- 07:27 Tech Digest (22.3.2026)
- 07:36 Myanmar Traditional Snacks: Sago with coconut milk
- 07:42 Natural Mineral Water
- 08:01 News
- 08:27 ASEAN Women Entrepreneurship: Cambodia
- 09:01 Patchwork Bags
- 09:14 Ecotourism: Along River Chindwin To Khamti
- 09:32 Today Myanmar
- 10:01 News

Me

- ၀၆:၀၀ အတွင်း၊ ထပ္ပတောကားသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း-အက(ကချင်)
- ၀၆:၄၅ ချစ်ရာ့အရွယ်ကစားကြယယ်
- ၀၇:၁၀ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ နိုင်ငံခြားတက်လမ်းတွဲ **'ဝီအိမ်ဝတ်ပါ'**(အပိုင်း-၄၃)
- ၀၈:၁၀ မြန်မာတက်လမ်းတွဲ **'အုဘွယ်သွစ်ပုံခြင်း'** (အပိုင်း-၁၁)
- ၀၈:၄၅ 'သဠီတက်တော်' (အစာတသက်)(ကိုကျော်မိုးများ၊ဖွယ်ခြင်း) (အပိုင်း-၁)
- ၀၉:၂၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **'ပြည်ထောင်စုသစ္စာ'**

MRTV NRC

- **အနောက်ပိုးကျင်း (၀၆:၀၀ မှ ၀၇:၀၀)** ကရင်ပိုရာတောင်းဘုရိယာ
- **အရှေ့ပိုးကျင်း (၀၇:၀၀ မှ ၀၈:၀၀)** ဗျိုင်းပြည्ကလေးမှ ရေလုပ်သားကြိုဆိုခံဘာ
- **ချင်း (ပျိုင်ဝိုင်း) (၀၈:၀၀ မှ ၀၉:၀၀)** ဗီဒီယိုသီနှင်ကျန်းမာရေး
- **ချင်း (ချီးပုံ) (၀၉:၀၀ မှ ၁၀:၀၀)** အလုပ်နုံးပိုသူင်းတောင်ဆီ
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ကြက်သွန်မြူစာခြင်းဆိုက်ကျန်းမာရေးအကျိုးကျေးဇူး
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ပိုက်ဆိပ်ရှာသိုအလည်တစ်ဝေါက်
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရှမ်းထင်ပါ
- **၀ (၁၆:၀၀ မှ ၁၈:၀၀)** မြန်မာ့ပြည်ရိပ်ချိုစီးပွားရေးပွတေးများ
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** မနော်အလု
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ထောင်ပေါ်ဒေသတိုလက်ရာ (ကြက်သားဟူးချင်ပင်း)
- **ဓလောကရင် (၂၂:၀၀ မှ ၂၃:၀၀)** သင်ယူလေ့လာတိုရဲ့ဓာ (အပိုင်း-၁၄)

MRTV NEWS

- ၀၆:၀၀ အတွင်း၊တေးသီချင်း
- ၀၆:၀၅ လူပ်ရှားရှားအားကစား
- ၀၆:၃၀ အားကစားသတင်း
- ၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၂၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၀၀ MRTV National News
- ၁၆:၀၀ သတင်းမုန်းကဏ္ဍ(LIVE)
- ၁၈:၄၅ Next Level
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၄၅ ဇာတ်ရာရေးရှုးပေးတင်အပွ
- ၂၂:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

- ၀၇:၀၀ အတွင်း၊အလပ်
- ၀၇:၃၀ လွှတ်တော်ရေးရာအခြေခြာ(၁၆.၃.၂၀.၂၆)
- ၀၇:၄၀ တေးဗီဒီအစီအရဲ
- ၀၇:၅၅ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပမှုအစီအရဲ(၁၆.၃.၂၀.၂၆) အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပမှုအစီအရဲ(၁၆.၃.၂၀.၂၆) ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ကျင်းပမှုအစီအရဲ(၂၂.၃.၂၀.၂၆)
- ၁၃:၀၀ လွှတ်တော်သတင်း (၁၆.၃.၂၀.၂၆)(၁၈.၃.၂၀.၂၆)(၂၀.၃.၂၀.၂၆)
- ၁၄:၀၀ လွှတ်တော်သတင်း (၁၆.၃.၂၀.၂၆)(၁၈.၃.၂၀.၂၆)(၂၀.၃.၂၀.၂၆)

MRTV FARMERS

- ၀၆:၀၀ အတွင်း၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၀ မြေဌာဝ်ခြမ်း...ပြည်ပရိုကုန်အမယ် (တစ်ရွာနေ့ကပျော)
- ၀၇:၀၀ မြန်မာ့စပ်ကုန်းတင်းမိ
- ၀၈:၀၀ ဂုဏ်ယူဝင့်ကြားကိုလယ်သမား
- ၀၉:၀၀ တန်ခိုးမြင့်ထုတ်ကုန် ဝဲနေ့ဆီအတွင်း
- ၁၀:၃၀ မုပ်ပင်ပန္ထာ (ဝေဒီယိုတက်လမ်း)

MRTV SPORTS HD

- ၀၆:၀၀ အတွင်
- ၀၆:၂၀ လူပယ်တိုအတွက်လမ်းမြေကြမ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၀ Weekend Sports News
- ၁၀:၀၀ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(အမျိုးသမီး) ကွင်းသွင်းခြင်းတံပြိုင်ပွဲ၀ွတ်ဆိပ်ဆုရ (Replay)
- ၁၃:၀၀ အားကစားသတင်း

Scan Here: MRTV, MRTV, MRTV Radio, MRTV Radio

Education Channel ကို ရေနွေ(ကုလား)(ဒေဝါ)ကုန်းမှ ရေမြေပြိုကျခြင်း (၆)ကုန်း (( )) ( ) ( ) (

လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာအနီးတစ်ဝိုက်၌ နယ်မြေရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် မတ် ၂၀ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လဲချားမြို့နယ် ကောင်းစံကျေးရွာအနီးတစ်ဝိုက်အား နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် မတ် ၂၀ ရက် ည ၉ နာရီခွဲခန့်တွင် ပထမဖမ်းဆီးရမိသည့်နေရာ၏ အနောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာသို့အရောက်၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးနှင့် ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦးတို့အားလည်းကောင်း၊ ဒုတိယဖမ်းဆီးရမိနေရာ ၏မြောက်ဘက်မီတာ ၁၁၀၀ ခန့်အကွာသို့အရောက်၌ တရုတ်နိုင်ငံသား ၂၆ ဦးတို့အား လည်းကောင်းအသီးသီး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး။

တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦး။

တရုတ်နိုင်ငံသား အမျိုးသား ၂၆ ဦး မှတ်တမ်းဓာတ်ပုံ။

တာချီလိတ်မြို့၌ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော် တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင် ရောင်းဝယ်မှု တားဆီးကာကွယ် နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ပိတောက်လမ်း မြေလင်းပွင့်ဝိုတယ် အနီး၌ မသက်ဘွယ် ယာဉ်သုံးစီးရပ်တန့်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာဖွေရာ Toyota Fortuners အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် အလုံး ၃၀ (ဆာလာအိတ် တစ်လုံးလျှင် နှစ်သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၆၀၊ Toyota Hilux Single Cub အမျိုးအစား (လိုင်စင်မဲ့) ခရောင်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၃၇ လုံး (ဆာလာအိတ် တစ်လုံးလျှင် နှစ်သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား ၇၄ သိန်းနှင့် Ford အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၂၂ လုံး (ဆာလာအိတ် တစ်လုံးလျှင် နှစ်သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား ၄၄ သိန်း စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၇၈ သိန်း (ခန့်မှန်းငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ) မူးယစ်ဆေးဝါးများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ယာဉ်များအား တွေ့ရစဉ်။

ဆက်လက်ရှာဖွေလျက်ရှိ

အဆိုပါ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ယာဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားခံများအား ဖမ်းဆီးရမိရေး ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

ပြည်ထောင်စုကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ဦးစားပေး

ဒေါက်တာမောင်ကျော်
(ပါမောက္ခချုပ်-ဦးမီး)

ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကိုဖွံ့ဖြိုးစေသည့် အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝကို တိုးတက်စေနိုင်သည်သာမက နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးနိုင်သည်။ သင်ယူမှုကိုမြတ်နိုးသူ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသူသည် နိုင်ငံတစ်နိုင်ငံ၏ သန်းပေါင်းများစွာသောလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကြီးမားစွာပြောင်းလဲစေနိုင်သည်ဆိုသည်ကို မြော်မြင်တတ်ရမည်။ မိမိတို့ အတူတကွ လက်တွဲညီညာ စည်းစည်းလုံးလုံးဖွံ့ဖြိုးဖို့၊ အေးအတူယှဉ်အမျှ အတူတကွ လောကကို ဖြတ်သန်းကြသည့်အခါ အပြိုးအတေး၊ ရန်ငြိုးကင်းဖို့၊ စစ်မက်ကင်းဖို့၊ ဘေးဒုက္ခများနှင့် မကြုံကြုံကင်းဖို့ ကြိုတင်တွက်ဆနိုင်သော အသိဉာဏ်သည် အလိုအပ်ဆုံးဖြစ်ပါသည်။

အသိမှား၍ အလုပ်မှားသည်

လယ်တီပဏ္ဍိတ ဦးမောင်ကြီးက **"အသိမှား၍ အလုပ်မှားသည်။ မှားသောအလုပ်ဖြင့် ဆိုးကျိုးတရားသာပေး၏။ မကောင်းသောအကျိုးသည် အကြောင်းမဲ့သက်သက်ဖြစ်သည်မဟုတ်။ အလုပ်မှားခြင်းတည်းဟူသော အကြောင်းကြောင့် ဖြစ်၏"** ဟု ဆိုသည်။ ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံသော အမြင်များကို ဖယ်ရှားရပါမည်။ ရှေးရိုးခွဲခြားဆက်ဆံမှု၏ အန္တရာယ်သည် ကြာရှည်လာသည်နှင့်အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတို့ တွေ့ကြုံပါလိမ့်မည်။

ပြည်သူတစ်ရပ်လုံး လူတန်းစားအလွှာအသီးသီး၏ ကောင်းကျိုးအဖုံဖုံကိုရှေးရှုကာ ကိုယ်စိတ်နှစ်ပါး အေးချမ်းသောဘဝကို လိုလားကြသည်သာဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်း သာယာဝပြောနိုင်ဖို့ ကိုယ့်အားကိုယ်ကိုးကြရမည်။ တိုင်းရင်းသားအပေါင်းက တညီတညွတ်တည်း ကိုယ်ထူကိုယ်ထပြုကြ၊ ရေရှည်အကျိုးကို မျှော်ကိုးပြီး ပြည်ထောင်စု၏အနာဂတ်ခရီးကို လျှောက်ကြရပါမည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာမှပင် အရေးကြီးသကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်း၍ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက်၊ အေးအတူယှဉ်အမျှ ရာသက်ပန် ပူးပေါင်းနေထိုင်ရန်အတွက်လည်း ငြိမ်းချမ်းရေးက မရှိမဖြစ် အရေးကြီးလှပေသည်။

ကျွန်တော်တို့ ငယ်စဉ်ကစ ကြီးပြင်းလာသည်အထိ ပညာသင်ကြားကြသောအခါ –

- ❍ **သိဖို့ (learning to know)**
- ❍ **ကျွမ်းကျင်ဖို့ (learning to do and be skillful)**
- ❍ **ကိုယ်ကျင့်တရားကောင်းဖို့ (learning to be)**
- ❍ **အတူတကွ နေထိုင်ကြဖို့၊ ခွဲခြားမှုမရှိဖို့ (learning to live peacefully together, with no discrimination)**

ကိစ္စတွေပါဝင်ပါသည်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့နှင့် ညီညွတ်မျှတစွာ နေတတ်ဖို့က အလွန်အရေးကြီးလှသည်။ အတ္တ၊ ပရမျှတ၊ အပြုံးမပျက် လုပ်နိုင်ဖို့လိုပါသည်။ ကျွန်တော်တို့ သင်ကြားမဲ့ကြီး လုပ်နေကြသောကိစ္စများက တစ်ခါတစ်ရံမှာ အဓိကမကျလှ။ အေးအေးဆေးဆေး နွေးနွေးထွေးထွေး၊ ဆွေးဆွေးနွေးနွေး လုပ်ဆောင်တတ်ကြဖို့ လိုပါသည်။

မိမိဘဝကို ထိန်းကျောင်းရာမှာ ပူးတွဲဆောင်ရွက်ဖို့ (Collaboration)၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့ (Cooperation)၊ ထဲထဲဝင်ဝင်စဉ်းစားဖို့ (Critical thinking) ကို မေ့နေတတ်ကြသည်။ ထိပ်တိုက်ရင်ဆိုင်မှု (Confrontation) ကို လွယ်လွယ်ကူကူ ပြုကြသည်။ ညှိနှိုင်းဆောင်ရွက်၊ အလျှော့အတင်း အပေးအယူ (Compromise) မျှတသည့်ဘဝကို တည်ဆောက်တတ်ဖို့ လိုပါသည်။

စာမတတ်လျှင်

စာမတတ်လျှင်၊ အသိပညာ အတတ်ပညာမရှိလျှင်၊ ပေးတင့် (Patent) မထုတ်လုပ်နိုင်လျှင်၊ ရေမြေသယံဇာတများ ရောင်းချပြီး ရပ်တည်ရလိမ့်မည်။ အလုပ်ကြမ်းသမားဘဝဖြင့် အသက်မွေးမှုကို လုပ်ရလိမ့်မည်။ အဓိပ္ပာယ်က စာမသင်လျှင် ပညာဆိုတာမရနိုင်၊ သညာမရနိုင်လျှင် ဗဟုသုတမကြွယ်နိုင်၊ ဗဟုသုတကြွယ်မှ ပညာဆိုတာရပြီး ပညာရမှ မှားမှန်ဝေဖန်ပိုင်းခြားနိုင်သူဖြစ်မည်။ ဉာဏ်အမြော်အမြင်ကင်းမဲ့ပြီး ကြမ်းကြုတ်ရက်စက်သောစိတ်၊ အာဃာတစိတ်၊ အကြောင်းမဲ့မကြိုက်၊ မနှစ်သက်သည့်စိတ်၊ မနှစ်မြို့သည့်စိတ် တို့သည် နိမ့်ကျသည့်စိတ်များဖြစ်၏။

အခြားသူအား သေးသိမ်အောင်ပြောလိုက်ရမှ နေသာထိုင်သာရှိသောစိတ်၊ ကိုယ့်မျက်ချေး ကိုယ်မမြင်သောစိတ်တို့သည် လှပလေမရှိ၊ အကျည်းတန် အရုပ်ဆိုးလေတော့သည်။ မျက်မှောက်ကာလကို တစ္ဆေတစောင်းကြည့်လိုက်လျှင် မူးယစ်ဆေးဝါး၊ ငွေကြေးလိမ်လည်၊ လောင်းကစားမှုတို့ကြောင့် ပညာမဲ့သူ၊ အကောင်းအဆိုးမခွဲခြားနိုင်သူ၊ အတွေးအခေါ်အမြင်စောင်းသူ၊ ဌပဒေဘောင်နှင့် မညီညွတ်သူများကြောင့် စိတ်ပင်ပန်းဆင်းရဲလောက်အောင် မိသားစုဘဝ လူ့အသိုင်းအဝန်းသည် ဖရိုဖရဲယိမ်းယိုင်ပြိုလဲနေသည်ကို တွေ့ရပါလိမ့်မည်။

ဉာဏ်၊ ဝိရိယနှင့် စည်းလုံးညီညွတ်

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု ဆုတ်ယုတ်မှု၊ တိုးပွားမှု၊ ကျဆင်းမှုတို့သည်လည်း ထိုလူ့အဖွဲ့အစည်း၊ ထိုနိုင်ငံမှ ပြည်သူတို့၏ ဉာဏ်၊ ဝိရိယနှင့် စည်းလုံးညီညွတ်မှုအပေါ်တွင် ပမာနအားဖြင့် တည်နေပုံကို လယ်တီဆရာတော်ကြီးက–

"... တစ်ယောက်၏ဉာဏ်၊ ဝိရိယသည် အားရှိသလောက် အကျိုးကို ဖြစ်ထွန်းစေနိုင်သည်။ ထိုထက် နှစ်ယောက်ညီလာသော် ဉာဏ်ဝိရိယသည် အားများစွာပါနေသည်။ ထိုထက်သုံးယောက်ညီလာသော် ဉာဏ်ဝိရိယ၊ ထိုထက်လေးယောက်၊ ထိုထက်ငါးယောက်၊ တစ်ကျိပ်၊ တစ်ရာ၊ တစ်ထောင် စသည်ဖြင့် အများညီညွတ်သော် ဉာဏ်ဝိရိယသည် တိုင်းကိုကြွနိုင်သည်။ ပြည်ကိုကြွနိုင်သည်။ ဤကဲ့သို့သောအရာများမှာ ကံသည် ပမာနမဟုတ်၊ အများညီညွတ်သော ဉာဏ်၊ ဝိရိယသည်သာ ပမာနပေတည်း..." ဟု တွေးမြင်တင်ပြခဲ့သည်။

> **❝ စာမတတ်လျှင်၊ အသိပညာ အတတ်ပညာမရှိလျှင်၊ ပေးတင့် (Patent) မထုတ်လုပ်နိုင်လျှင်၊ ရေမြေသယံဇာတများရောင်းချပြီး ရပ်တည်ရလိမ့်မည်။ အလုပ်ကြမ်းသမားဘဝဖြင့် အသက်မွေးမှုကို လုပ်ရလိမ့်မည်။ အဓိပ္ပာယ်က စာမသင်လျှင် ပညာဆိုတာမရနိုင်၊ သညာမရနိုင်လျှင် ဗဟုသုတမကြွယ်နိုင်၊ ဗဟုသုတကြွယ်မှ ပညာဆိုတာရပြီး ပညာရမှ မှားမှန်ဝေဖန်ပိုင်းခြားနိုင်သူဖြစ်မည်။ ဉာဏ်အမြော်အမြင်ကင်းမဲ့ပြီး ကြမ်းကြုတ်ရက်စက်သောစိတ်၊ အာဃာတစိတ်၊ အကြောင်းမဲ့မကြိုက်၊ မနှစ်သက်သည့်စိတ်၊ မနှစ်မြို့သည့်စိတ် တို့သည် နိမ့်ကျသည့်စိတ်များဖြစ် ❞**

လူ့အဖွဲ့အစည်းဆိုသည်မှာ လူတစ်ယောက်စီဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်၏။ တစ်ဦးစီသော လူသားနှင့် လူနေမှုအဖွဲ့အစည်းအကြား ဆက်သွယ်မှုအမျိုးမျိုးဖြစ်ပေါ်လာ၏။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြားခြားနားသော ကျွန်းစုလေးများကဲ့သို့ ခြားနားသည့်အလားထင်မှတ်ကြကာ သာယာညီညွတ်ခြင်း သဟဇာတဖြစ်မှုမှ ဝေးကွာလာကြလေတော့သည်။ ယင်းလူ့အဖွဲ့အစည်းသည် သဟဇာတဖြစ်မှုကိုသွေဖည်၍ အစွန်းသို့ရောက်သောအခါ ယင်းအဖွဲ့အစည်း၏ တည်ငြိမ်မှု၊ တိုးတက်မှုတို့သည် ရပ်တန့်သွားတတ်၏။ သဟဇာတဖြစ်မှုမှ သွေဖည်သောလမ်းသည် အစွန်းနှစ်ဖက်ရောက်သွားသောလမ်းဖြစ်၏။ ဒေါသူပန်ထ၊ ယမ်းပုံမီးကျထိ မရောက်ရန် စိတ်ကိုထိန်းကြရမည်။ ဆင်ခြင်တုံတရားများထားကြရမည်။

ဆင်ခြင်တုံတရားဆိုသည် ဤနေရာ၌ – "ယောနိသော မနသိကာရ"ပင်။ ကိစ္စကြုံတိုင်း ကုသိုလ်ဖြစ်အောင် သင့်တင့်စွာ စိတ်နှလုံးသွင်းနိုင်ပြီဆိုလျှင် နိုင်ခြင်း ရှုံးခြင်းမရှိ၊ ရန်သူမရှိ ညီညွတ်စေသည်။ မကောင်းတာမလုပ်၊ မကောင်းတာကို သတိထားပြီး ရှောင်ကြဉ်လာသည်။ ကောင်းတာကို ကြိုးစားပြီးလုပ်ဖြစ်သည်။ ယင်းသည် စိတ်နှလုံးအေးချမ်း၊ စိတ်ကျန်းမာမှုကိုပေးသည်။ ကောင်း၏။ မကောင်း၏။ အကြောင်းနှင့်အကျိုးဆက်စပ်၏။ မဆက်စပ်၏ စသည်တို့ကို ဂဃနဏ သိမြင်နိုင်သောအသိဉာဏ်မြင့်ဖို့လိုအပ်သည်။

မန်လည်ဆရာတော်ကြီးက **"ပညာပြည့်ဝနှလုံးလှဟူသော်"** ဆောင်ပုဒ်ဖြင့် နိုင်ငံတစ်နိုင်ငံ၌ ပညာတတ်မျိုးဆက်များစွာ လိုအပ်သလို လှပသောနှလုံးသားများလည်း မရှိမဖြစ်လိုအပ်ပုံ၊ "လူထု" မဖြစ်ရေး ပညာတတ်မျိုးဆက်များစွာလိုအပ်ပုံ၊ နှလုံးလှသည့် လူကောင်းလူတော်များ လိုအပ်ပုံ၊ "လူထုမဖြစ်ဘဲ လူထု" ဖြစ်ရာ၏ ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မှား/မှန် ပိုင်းခြားပညာအား စာဖြင့် ပညာရယူပါ။ ပညာဉာဏ်မရှိ အတတ်ပညာမဲ့ လူထုများသည် သာမန် အသိ (Common Sense) ကိုပင် မရှိသလိုဖြစ်တတ်ရာ ပိုးဖလန်မျိုး မီးကိုတိုးသလို ဖြစ်တတ်သည်။ ဘေးဒုက္ခများနှင့် မကြုံကြုံကင်းစေရန် ကြိုတင်တွက်ဆနိုင်သော အသိဉာဏ်သည် အလိုအပ်ဆုံး၊ ဗဟုသုတချည်း မလုံလောက်ဆိုသောအဓိပ္ပာယ်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေခံမြေခံလည်းကောင်းမွန်၊ သယံဇာတလည်းပေါကြွယ်၊ ပထဝီနိုင်ငံရေး ကောင်းမွန်လှသည်။ ဤထက်ပို၍ အရေးကြီးသည်မှာ ပညာလည်းတတ်၊ ဉာဏ်ပညာလည်းရှိ၊ ဉာဏ်ရည်ဉာဏ်သွေးဖြင့်၍ အမြော်အမြင်ရှိသော ပြည်သူလူထုဖြစ်ရေးကိုတွေးပူ၍ မန်လည်ဆရာတော်ကြီးက လူထုဖြစ်မသွားရေး၊ စိတ်နေသဘောထား၊ စိတ်အခြေအနေ (Mindset) မြင့်မားရေး ရေးခဲ့ဟန်တူ၏။

ဂျပန်၏ အောင်မြင်ခြင်းတရား

ဂျပန်နိုင်ငံ၏ သူမတူ ထူးခြားအောင်မြင်မှု၏အရင်းခံမှာ ဂျပန်လူထုဖြစ်သည်။ လူထုကအဓိကကျပါသည်။ ဂျပန်တို့သည် ဉာဏ်ရည်ကောင်းသူ၊ အလုပ်ကြိုးစားလုပ်သူများဖြစ်သည်။ သယံဇာတကောင်းကောင်းရှိဖို့၊ ခေါင်းဆောင်ကောင်းဖို့ချည်း မျှော်လင့်နေသူများမဟုတ်။ မိုးကိုချည်းပဲ မျှော်လင့်နေသူ မဟုတ်။ လျှပ်စစ်မရှိလျှင် ရှိအောင် ကြိုးပမ်းလုပ်တတ်သည့် လူမျိုး၊ အဏုမြူဗုံးဒဏ်ခံရသည့်နိုင်ငံ၊ မြေလျင်ကျေး၊ ငလျင်စက်ကွင်းထဲတွင် ရှိနေသော်လည်း လျှပ်စစ်စွမ်းအင်ရရန် အဏုမြူဓာတ်ပေါင်းဖို ၅၀ ကို စွန့်စွန့်စားစား တည်ဆောက်သည့်သတ္တိက ဂျပန်၏အောင်မြင်ခြင်းတရားများဖြစ်သည်။

စိတ်နှလုံးလှဆိုသည်

"စိတ်နှလုံးလှ" ဆိုသည် ကြည်လင်သောစိတ်၊ ဖြတ္တစိုရိတရားလေးပါးကို ရင်ဝယ်မှာထားနိုင်သောစိတ်၊ တရားမျှတသောစိတ်၊ ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ဖြန့်ဝေလိုသောစိတ်၊ ဇြိမ်းချမ်းစွာ အတူလက်တွဲနေလိုသောစိတ်၊ ပြဿနာဟူသမျှကို ဖြေရှင်းလိုသောစိတ်၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုထောက်ထားညှာတာသောစိတ် စသည်တို့ဖြစ်သည်။ နိုင်ငံသားတိုင်း ပညာတတ်နှလုံးလှကြပြီဆိုလျှင် သဘာဝသယံဇာတတို့သည် ပို၍တန်ဖိုးရှိလာကြမည်ဖြစ်၏။ လူနှင့်တကွ ဂေဟစနစ်ကြီးသည် ရေရှည်တည်တံ့ ဖွံ့ဖြိုးလျက် ထာဝရအကျိုးပြုပေးနိုင်သည်ကို မြော်မြင်နိုင်စွမ်းရှိရမည် ဖြစ်သည်။

ကျွန်တော်တို့သည် ဘဝတစ်လျှောက်လုံး အပြင်ကိုသာ ကြည့်လေ့ရှိကြသည်။ အပြင်လောကတွင် ဘာတွေဖြစ်နေသလဲ ဆိုတာကိုသာ သဲကြီးမဲကြီးကြည့်သောအလေ့အထ စွဲနေတတ်ကြသည်။ အခြားသူတွေ ဘာတွေလုပ်နေသလဲ၊ ဘာတွေဖြစ်နေသလဲ ဆိုတာကို အာရုံထားလေ့ရှိကြသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ တစ်နေကုန်ပြောနေ၊ လုပ်နေသော်လည်း ကိုယ့်ကို ကျွေးနေသောမိခင်၏ မီးဖိုချောင်၌ ပန်းကန်ပိုင်းကူဆေးဖို့ သတိမရကြ။ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးဆန်းစစ်မှုလုပ်ရန် မရှိသလောက်ရှားပါသည်။ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ပကတိအခြေအနေကို အကဲခတ်ဖို့ပင် မကြိုးပမ်းနိုင်ဘဲ ဖြစ်နေတတ်ကြသည်။ ကြိုးပမ်းလျှင်တောင် မိမိစိတ်သည် ကြည်လင်နေဖို့လိုပါလိမ့်မည်။ ထို့အတွက် စိတ်ကို မသန့်စင်အောင် လှုံ့ဆော်နေတတ်သော စေတသိက်များကို အတတ်နိုင်ဆုံး ဖယ်ရှားကြဖို့လိုပါလိမ့်မည်။

စာမျက်နှာ ၁၇ သို့ ❍

“၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာဖြင့် အရာရာကိုပိုင်းဖြတ်လျက်ရှိသည်။ ပညာမဏ္ဍိုင်ကြီးခိုင်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်သည်။ ပညာလည်းပြည့်ဝ၊ နှလုံးလည်းလှသည့် လူ့အဖွဲ့အစည်းက နိုင်ငံတော်ဖွံ့ဖြိုးအောင် အေးချမ်းသာယာဝပြောအောင် ဆောင်ကြဉ်းနိုင်မည်ဖြစ်သည့်အတွက် ရေခံမြေခံကောင်းသော၊ သယံဇာတပေါကြွယ်ဝသော၊ ပထဝီနိုင်ငံရေးကောင်းသော မြန်မာနိုင်ငံကြီးအား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်၊ ပညာရေးမြှင့်တင်ရန် လိုအပ်သည်မှန်သမျှကို မဆိုင်းမတွ ပူးပေါင်းဆောင်ရွက်”

❍ စာမျက်နှာ ၁၆ မှ

စေတသိက်များ

လူတို့စိတ်ကို မသန့်စင်အောင် လှုံ့ဆော်တတ်သော စေတသိက်များမှာ–

မောဟ... မသိခြင်း၊ လောဘ ... လိုချင်တပ်မက်ခြင်း၊ ဒိဋ္ဌ ... မှားယွင်းစွာနားလည်ခြင်း၊ မာန ... ထောင်လွှားခြင်း၊ ဒေါသ ... ခက်ထန်ခြင်း၊ ဣဿာ ... မနာလိုခြင်း၊ မစ္ဆရိယ ... ဝန်တိုခြင်း၊ ဥဒ္ဓစ္စ ... ပျံ့လွင့်ခြင်း၊ အဟိရိက ... မရှက်တတ်ခြင်း၊ အနောတ္တပ္ပ ... မကြောက်လန့်ခြင်း၊ ကုက္ကစ္စ ... ပူပန်ခြင်း၊ ထိန ... ထိုင်းခြင်း၊ မိဒ္ဓ... မှိုင်းခြင်း၊ ဝိစိကိစ္ဆာ ... ယုံမှားသံသယဖြစ်ခြင်း၊ ကိုယ့်အကြောင်းကို သိဖို့ဆိုသည်မှာ အထက်ကစိတ် စေတသိက်များဖြစ်သည်။ စေတသိက်များကြောင့် နှုတ်မှု၊ ကိုယ်မှု ၊ မကောင်းမှု အကုသိုလ်များ ပြုကြကုန်၏။ ထိုစိတ်ညစ် စိတ်ပုပ်တို့က လူကိုလည်းကောင်း၊ လူ့လောကကို လည်းကောင်း ဖျက်ဆီးနိုင်၏။

ရာစုသစ်၏ အကြီးမားဆုံးစိန်ခေါ်မှုက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့လောက်မဟုတ်၊ လောဘ၊ ဒေါသ၊ မောဟကြီးမားခြင်း၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌ စသည့် စိတ်ကို ညစ်ညမ်းစေသည့် စေတသိက်များအန္တရာယ်မှ ကာကွယ်ရန်ဖြစ်၏။ ကိုယ်ကျင့်တရားနှင့် ကိုယ့်သိက္ခာကို ညစ်ညမ်းစေသည့် စေတသိက်များ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်သာဖြစ်၏။ မာနထောင်လွှားခြင်း၊ ကိုယ့်ထက်သာသူကိုမနာလိုလျှင် ဣဿာ၊ ဝန်တိုလျှင် မစ္ဆရိယ၊ မှားယွင်းစွာနားလည်နေလျှင် ဒိဋ္ဌတို့က အဆိုးဆုံးတရားများဖြစ်၏။ စိတ်ကိုညစ်ညမ်းစေ၏။

နေ့စဉ်နေ့တိုင်း နံနက်ခင်းအိပ်ရာကထသည်နှင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ဒိဋ္ဌတို့ကို သယ်ဆောင်မပြီဆိုလျှင်၊ အကုသိုလ်စိတ်တို့ လွှမ်းမိုးလာပြီဆိုလျှင် ကိုယ့်အနာဂတ်အခြေအနေသည် ကောင်းစရာမရှိနိုင်။ “မိမိ၏ ဒေါသ၊ အမုန်းတရား၊ ရန်ငြိုး၊ ခါးသီးရွံ့မုန်းစိတ်များ စိတ်ထဲတွင် ထွက်နေလျှင် ထိုမကောင်းစိတ်များ၏ ပထမဦးဆုံးသားကောင်က ကိုယ်ကိုယ်တိုင်ပါပဲ။ ရေးဦးစွာ ကိုယ့်ကို အန္တရာယ်ပြုနေပါပြီ။ ပြီးလျှင်အခြားသူကို အန္တရာယ်ပြုဖို့ဖြစ်လာပါပြီ။ ထိုအကုသိုလ်စိတ်ကို မိမိစိတ်ထဲ၌ ထိန်းသိမ်းလေ့မရှိ။ အခြားသူတို့ထံ လွှဲပြောင်းပစ်လေ့ရှိ၏။ ထို့ကြောင့် ထိုသူတို့လည်းဆောက်တည်ရာမရဖြစ်လေတော့သည်”ဟု ဆရာကြီး ဦးဂိုအင်ဂါက ရှင်းလင်းပြခဲ့သည်။

အတ္တပရမျှတကြ

လူဘောင်လောကဏ္ဍ၏ ကျယ်ဝန်းနားလည်ရန်ခက်သော အကြောင်းခြင်းရာများကို မမြင်နိုင်၊ မသိနိုင်တော့ဘဲ တဝဲလည်လည်ဖြစ်နေတတ်သည်။ ယင်းတို့ကို ပူဆွေးနေကြလျှင် ကိုယ်ရောင့်ရဲတင်းတိမ်သောဘဝကို ဆက်လက်တည်ထောင်ရာတွင် ပရ – အများအတွက် အကျိုးပြုမည့် မျှဝေမှုဒါနပြုကြရလိမ့်မည်။ အများကောင်းကျိုးအတွက် အတ္တ၊ ပရမျှတကြရမည်။ ဖြူစင်သောစိတ်၊ ကောင်းကျိုးဖြစ်စေမည့်ရလဒ်၊ ငြိမ်းချမ်းသော တွေးခေါ်မြော်မြင်မှုများ ကြီးထွားအောင် လုပ်ကြရလိမ့်မည်။ ဤဘဝခဏတာနေကြစဉ် တစ်ဦးကိုတစ်ဦး မေတ္တာထား၊ အမုန်းမပွားကြဖို့၊ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ကြဖို့၊ ကိုယ်စိတ်နှစ်ပါးဖြင့် နာကြည်းအောင်မလုပ်မိဖို့ ဗုဒ္ဓဘဝောကြားတော်မူခဲ့ပါသည်။ အမှောင်ခွင်းပြီး အလင်းဆောင်သော ဓြတ်တရားကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ရန်ဖြစ်သည်ဟု လူသားတို့အား မှာကြားခဲ့ပါသည်။

လက်ဦးဆရာများ

“ပုဗ္ဗာစရိယ မိနှင့်ဖ”သည် လက်ဦးဆရာများဖြစ်ကြ၏။ ဆရာကောင်းများ၊ အမိအဖများက ကောင်း၍မှန်ကန်သောလမ်း၊ အကောင်းနှင့်အဆိုး ခွဲခြားတတ်အောင် သွန်သင်ပေးကြရလိမ့်မည်။ ကောင်းခြင်း မင်္ဂလာအဖြာဖြာတို့ကို မျှဝေကြရလိမ့်မည်။ ပူးပေါင်းဆောင်ရွက်၊ ကူညီရိုင်းပင်းသည့်စိတ်ကို ဆောင်ရပါမည်။ ရင်ဆိုင်ထိပ်တိုက် အကြမ်းဖက်မှုများကို ရှောင်ရလိမ့်မည်။ ကိုယ်ချင်းစာစိတ်တို့ မွေးကြရလိမ့်မည်။ ပြည်သူတို့၏ စိတ်အခြေအနေမြင့်မားသည်နှင့်အမျှ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှားအမှန်တို့ကို ဝေဖန်ပိုင်းခြားမှုမြင့်မားလာမည်။ အပြုသဘောဆောင်၊ ကိုယ့်ဒေသ၊ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လေကို အကျိုးပြုသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ကြမည်။ ကောင်းမှုများ ပို၍လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မကောင်းမှု အဖျက်အမှောင့်လုပ်ငန်းများ ရပ်တန့်သွားပေမည်။ ဤသည်မှာ ပြည်သူတို့အတွက် ပစ္စုပ္ပန်နှင့် အနာဂတ်လမ်းပြမြေပုံတစ်ခုဖြစ်သည်။

အရည်အသွေးပညာရေးဆိုသည်

ပညာရေးကိုမြှင့်တင်၍ပြည်သူတို့၏ အတွေးအခေါ် အကြံအစည် ကောင်းများ မျှော်မှန်းချက်ပန်းတိုင်ဆီသို့ရောက်ရှိရန်မှာ အရည်အသွေးပညာရေးကို ပေးရမည်ဖြစ်သည်။ အရည်အသွေးပညာရေးဆိုသည်ကို စာမေးပွဲအောင်ရေး၊ အမှတ်များများရရေး၊ အောင်ချက်ကောင်းရေးကိုသာ ဦးမတည်၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ဝါသနာပါရာကို မြှင့်တင်မြေတောင်မြှောက်ပေးရေးတို့ကို အချိန်ပြည့် စာတစ်ခုတည်း ဖိသင်နေခြင်းထက် ဦးစားပေးရမည်။ တပည်ရိုးများ၊ သားသမီးများကို စာမေးပွဲနှင့်ခြိမ်းခြောက်ခြင်းမပြုသင့်ပါ။ စာမေးပွဲမအောင်ဘဲ အတန်းတင်ပေးနေသည်ဆိုတာမျိုး စောဒကတက်ခြင်းမရှိအောင်လည်း ပြုပြင်ရမည်။ စာမေးပွဲမအောင်မည်ကိုသာ စိုးရိမ်ပူပန်ပြီး ကျူရှင်ငပြေး၊ ဂိုက် (Guide) များထံ ချဉ်းကပ်နေရသည်ကိုလည်း ကင်းဝေးစေချင်ပါသည်။

ပြည်သူလူထု၏ ပညာရည်မြင့်မားရေးနှင့် ပြည်သူတို့၏ စိတ်နေစိတ်ထားမြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှု လိုအပ်သည်ကို တွေ့နေရသည်။ ကိုယ်တိုင်လေ့လာဆည်းပူးမှုကို အားပေးခြင်းဖြင့် သုတေသနနှင့် တီထွင်ဖန်တီးမှုကိုဖော်ဆောင်သည့် ပညာရေးဖြစ်လာမည်။ လူ့စွမ်းအားအရင်းအမြစ် မြင့်မားသည့်လူ့အဖွဲ့အစည်း၊ အတွေ့အကြုံလည်းရှိ၊ အမြော်အမြင်လည်းရှိသည့် လူ့အဖွဲ့အစည်းများ မြို့ရွာ၊ တစ်နိုင်ငံလုံးအနှံ့ရှိစေချင်မိပါသည်။

နိဂုံးချုပ်အားဖြင့် ...

၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာဖြင့် အရာရာကို ပိုင်းဖြတ်လျက်ရှိသည်။ ပညာမဏ္ဍိုင်ကြီးခိုင်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်သည်။ ပညာလည်းပြည့်ဝ၊ နှလုံးလည်းလှသည့် လူ့အဖွဲ့အစည်းက နိုင်ငံတော်ဖွံ့ဖြိုးအောင် အေးချမ်းသာယာဝပြောအောင် ဆောင်ကြဉ်းနိုင်မည်ဖြစ်သည့်အတွက် ရေခံမြေခံကောင်းသော၊ သယံဇာတပေါကြွယ်ဝသော၊ ပထဝီနိုင်ငံရေးကောင်းသော မြန်မာနိုင်ငံကြီးအား ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်၊ ပညာရေးမြှင့်တင်ရန် လိုအပ်သည် မှန်သမျှကို မဆိုင်းမတွ ပူးပေါင်းဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၃-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တနင်္သာရီ	စံရွာ	ပုသိမ်	မြန်တြိုးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၆၁၀	၃၇၂၅	၃၆၉၀	၃၆၂၅	၃၇၃၀	၃၇၄၅	၃၇၆၅	၃၆၆၀	၄၅၀၅	၃၉၇၅	၃၇၀၀	၃၇၆၅	၃၇၇၀	၃၇၃၅	၃၇၇၅	၄၀၀၅
95 Ron	၃၈၅၀	၃၉၆၀	၃၉၃၀	၃၈၆၅	၃၉၇၀	၃၉၈၅	၄၀၀၀	၃၉၂၀	၄၅၆၀	၄၂၄၅	၃၉၃၀	၃၉၇၅	၄၀၁၀	၃၉၇၅	၃၉၉၅	၄၂၇၀
HSD (500 ppm)	၄၃၉၀	၄၅၀၀	၄၄၇၀	၄၄၀၅	၄၅၁၀	၄၅၂၅	၄၅၅၀	၄၄၆၀	-	၄၀၂၅	၄၄၇၅	၄၆၉၀	၄၅၅၀	၄၅၁၅	၄၅၃၅	၄၇၉၀
HSD (50 ppm)	၄၈၂၀	၄၉၃၅	၄၉၀၀	၄၈၃၅	၄၉၆၀	၄၉၅၅	၄၉၇၅	၄၈၉၀	၄၈၃၀	၅၁၈၅	၄၉၁၀	၅၁၃၀	၄၉၈၀	၄၉၆၅	၄၉၇၀	၅၂၂၅
HSD (10 ppm)	၄၈၂၀	၄၉၃၅	၄၉၀၀	၄၈၃၅	၄၉၆၀	၄၉၅၅	၄၉၇၅	၄၈၉၀	-	၅၁၈၅	၄၉၁၀	၅၁၃၅	၄၉၈၀	၄၉၆၅	၄၉၇၀	၅၂၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၉	၃၆၂၀
95 Ron	၃၈၆၅	၃၈၉၃
HSD (500 ppm)	၄၁၈၃	၄၂၈၆
HSD (50 ppm)	၄၅၃၂	၄၅၁၀
HSD (10 ppm)	၄၅၃၂	၄၅၁၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၁ယယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۹၇- ၄၁၁၃၇၃၊ ၀۹-၂၅၄၆၂၄၄၇

၀۹၇- ၄၁၁၂၈၂၂ ၀۹-၆၈၀၅၈۹۹۹

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မင်္ဂလာတောင်ညွှန့်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် သပြေကုန်းရပ်ကွက်ရှိ ကန်သာယာစင်တာတွင် မတ် ၁၉ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး၏လမ်းညွှန်မှုဖြင့် အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ဒုတိယမီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကန်သာယာစင်တာတာဝန်ခံ ဦးမျိုးခန့်နှင့်အဖွဲ့က အရေးပေါ်လွတ်မြောက်မှုဆိုင်ရာစနစ်၊ မီးဘေးလုံခြုံရေးစနစ်၊ မီးငြိမ်းသတ်ရေးစနစ်၊ မီးသတ်ယာဉ်များ နေရာယူချဉ်းကပ်မှုလမ်းကြောင်း၊ စင်တာမှ အရေးပေါ်အခြေအနေတွင် အဖွဲ့အလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

မြတ်မြတ်အေး(ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေအပူဓိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ဒွေ့လျားရာနေရာ တစ်လျှောက်တွင်ပိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြန့်ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဗိန်းပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အရိုက်များနှင့် ပစ္စည်းများ ဝေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြန်မြန်စွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကာပ်ထားပါ။

၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၅။ အိမ်အနီးရှိ ကျိုးကျန်နိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။

၆။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် ပြန်မြဲအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၇။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၈။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။

၄။ လေတိုက်ခတ်မှုအလွန်ပြင်းထန်ပါက မိုင်ခံ့သော စားမွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ပလတ်ဖြုတ်ထားပါ။

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီး တွင် မနေပါနှင့်။

၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သော ကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးမပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။

၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်လန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီတောင်းခံပါ။

သဘာဝဘေးအန္တရာယ်ကြိုတွေ့လျှင်ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
မုံရွာအမှတ်(၂၃)နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀۹၇ - ၃၄၀၄၆۹۶۹، ၀۹၇ - ၃၄၀၄۹۹۹۹
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အနီးနှင့်တစ်ပြည်လုံးရှိနိုင်ရန် MDA Application ကိုယူပါ။ Google Play

Developed by ; | In collaboration with ; | Printed by ;

DRR Working Group Myanmar

၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါတိုင်းတာမှတ်သုံးနေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10}) ၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမှားများ	၁၀ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမှားများ	ဆာလဖာ ဒိုင် အောက်ဆိုက်	နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်	အို ဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်,ဖုံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၂၀၂၆ ခုနှစ် မတ်လ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် မတ် ၂၁

ဘဂီလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘဂီလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်, မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်, စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၆၆ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန့်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၂ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၂ မီလီမီတာမှ ၆၁ မီလီမီတာအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၆၂ မီလီမီတာမှ ၇၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (မြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

လူငယ်များ ဖတ်ရှုလေ့လာသင့်သော ဘာသာပြန်စာပေ

ဘာသာပြန်ဆိုခြင်းဆိုသည်မှာ မူရင်းဘာသာစကားမှ ရေးသားထားသောစာသား၏အဓိပ္ပာယ်ကို ရည်ရွယ်ဘာသာစကားသို့ ဖော်ပြခြင်းလုပ်ငန်းစဉ်ဖြစ်ပြီး တိကျမှုနှင့် သဘာဝအသုံးအနှုန်းကို ဟန်ချက်ညီအောင် ပြုလုပ်ခြင်းဖြစ်သည်။ ၎င်းသည် ယဉ်ကျေးမှုဖြတ်ကျော်ဆက်သွယ်မှုကို ဖြစ်စေသည်။ ဘာသာပြန်ခြင်းဟူသည်မှာ အဓိပ္ပာယ်၊ လေသံ သို့မဟုတ် ရည်ရွယ်ချက်မဆုံးရှုံးဘဲ အကြောင်းအရာများကို ဘာသာစကားတစ်ခုမှ အခြားဘာသာစကားတစ်ခုသို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်ဖြစ်သည်။ ဘာသာစကားနယ်ပယ်တွင် ဘာသာပြန်ဆိုခြင်းဆိုသည်မှာ ညီမျှသော ပစ်မှတ်ဘာသာစကားစာသား ('receptor language' ဟုလည်းခေါ်သည်) မှ တစ်ဆင့် မူရင်းဘာသာစကားစာသား၏အဓိပ္ပာယ်ကို ဆက်သွယ်ပြောဆိုခြင်းဖြစ်သည်။

ဘာသာပြန်သူတစ်ဦးသည် မူရင်းဘာသာစကားစကားလုံးများ၊ သဒ္ဒါ သို့မဟုတ် ဝါကျဖွဲ့စည်းပုံကို ပစ်မှတ်ဘာသာစကားပြန်ဆိုချက်သို့ ကူးပြောင်းရလေ့ရှိသည်။ ဘာသာစကားများအကြား အပြည့်အဝညီမျှမှုသည် ရှားပါးသောကြောင့် ဘာသာပြန်သူများသည် အဓိပ္ပာယ်ကို မည်သို့ဆီလျော်အောင် အကောင်းဆုံးဖော်ပြရမည်ကို ရွေးချယ်ရမည်ဖြစ်ပြီး မကြာခဏဆိုသလို စာသားတိကျမှုထက် ရှင်းလင်းသောပုံစံ သို့မဟုတ် ရေးသားပြန်ဆိုမှုကို ဦးစားပေးလေ့ရှိသည်။

ဘာသာပြန်ဆိုခြင်း (Translation) အတွက် ရှေးဟောင်းဂရိအသုံးအနှုန်း (metaphrasis, "a speaking across") သည် အင်္ဂလိပ်ဘာသာစကားကို "paraphrase" (တစ်နည်းအားဖြင့် paraphrasis မှ ပြန်လည်ဖော်ပြခြင်း) နှင့် ဆန့်ကျင်ဘက်အနေဖြင့် "metaphrase" (စကားလုံးအလိုက် ဘာသာပြန်ဆိုခြင်း) ဖြင့် ပုံပြိုးပေးခဲ့သည်။ အရှေ့တောင်အာရှနှင့် အရှေ့အာရှ (အဓိကအားဖြင့် အိန္ဒိယနှင့် တရုတ်ယဉ်ကျေးမှုမှ စာသားများ) တွင် ဘာသာပြန်ဆိုခြင်း၏ သီးခြားအစဉ်အလာတစ်ခုရှိပြီး ဘာသာရေး၊ အထူးသဖြင့် ဗုဒ္ဓဘာသာစာသားများကို ပြန်ဆိုခြင်းနှင့် တရုတ်အင်ပါယာ၏ အုပ်ချုပ်မှုနှင့် အထူးသဖြင့် ဆက်စပ်နေသည်။ ဂန္ဓဝင်အိန္ဒိယ ဘာသာပြန်ဆိုချက်သည် ဥရောပတွင် ပိုမိုတွေ့ရှိရသော ပိုမိုနီးကပ်သော ဘာသာပြန်ဆိုချက်ထက် လျှော့ရဲသော လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားသည့် သွင်ပြင်လက္ခဏာရှိသည်။ တရုတ်ဘာသာပြန်ဆိုချက်သီအိုရီသည် ဘာသာပြန်ဆိုရာတွင် စံနှုန်းအမျိုးမျိုးနှင့် ကန့်သတ်ချက်များကို ဖော်ထုတ်သည်။

ကျွန်တော်တို့ မြန်မာစာပေသမိုင်းတွင် ဘာသာပြန်စာပေများ ပေါ်ပေါက်ခဲ့သည်။ စာဖတ်ဝါသနာပါသောသူများသည် ဘာသာပြန်စာအုပ်များ၊ ဝတ္ထုများကို ရှာဖွေဖတ်ရှုခဲ့ကြသည်။ အထူးသဖြင့် အင်္ဂလိပ်-မြန်မာဘာသာပြန် သုတ၊ ရသစာပေ စာအုပ်များဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘာသာပြန်သမိုင်းကို အကြမ်းဖျင်း လေ့လာကြည့်မည်ဆိုပါက ပုဂံခေတ်ကို ညွှန်းနိုင်ပါသည်။ ပုဂံခေတ်မတိုင်မီ ဗိသေနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပျူခေတ်များတွင် သက္ကတဘာသာ၊ ပါဠိဘာသာတို့မှ ဘာသာပြန်ဆိုမှုများရှိနေသည်ဟု လေ့လာသိရှိရသည်။ ကျန်စစ်မင်းကြီး၏သားတော် 'ရာဇကုမာရ' မင်းသားရေးထိုးခဲ့သည့် 'မြစေတီကျောက်စာ'ကို သက်သေထူရပါမည်။ ဤကျောက်စာသည် အကြောင်းအရာတစ်မျိုးတည်းကိုပင် မမှန်၊ မြန်မာ၊ ပျူ၊ ပါဠိ ဘာသာရပ်များဖြင့် ကျောက်စာတိုင်း၏ တစ်မျက်နှာစီတွင် ရေးထိုးခဲ့ကြသည်။ အရေးအသားကျစ်လျစ်ပြီး ကိုက်ညီမှုရှိသည်ဟုလည်း ပညာရှင်များက မှတ်ချက်ပြုကြသည်။

ကုန်းဘောင်ခေတ် (၁၇၅၂-၁၈၈၅)ခုနှစ်များ အတွင်း အင်္ဂလိပ်၊ ပြင်သစ်နိုင်ငံများနှင့် ကူးလူးဆက်ဆံခဲ့ကြသည်။ ထို့ကြောင့် အင်္ဂလိပ်နှင့် ပြင်သစ် ဘာသာများမှ မြန်မာဘာသာပြန်ဆိုမှုများရှိလာသည်။ ဗြိတိသျှပညာရေးစနစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ပညာရပ်ဆိုင်ရာ စာအုပ်များကို မြန်မာဘာသာပြန်ဆို၍ သင်ကြားမှုများ ရှိလာသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း လွတ်လပ်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ ပြင်းထန်ခဲ့သည်။ သို့ဖြင့် နိုင်ငံတကာလွတ်လပ်ရေး တိုက်ပွဲအတွေ့အကြုံများအကြောင်း ရေးသားထားသည့်စာအုပ်များကို ဘာသာပြန်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်အခါ အနောက်တိုင်း ဂန္ဓဝင်စာအုပ်များ ဘာသာပြန်ဆိုမှု များစွာပေါ်ထွက်ခဲ့သည်အထိ တိုးတက်လာခဲ့သည်။

> **"သီးနှံကောင်းများကို စားသုံးလိုလျှင် အလေ့ကျပေါက်သော အပင်ကိုချည်း အားကိုးနေ၍ မဖြစ်သည့်နည်းတူ ဘာသာပြန်ကောင်းသူများကို ခိုင်းစေအသုံးပြုလိုလျှင် အလေ့ကျပေါ်လာသော ဘာသာပြန်သူတစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းကိုသာ အားကိုးမနေဘဲ ဝေဝေဆာဆာ၊ ဖောဖောလှိုင်လှိုင် သီးမည့်ပွင့်မည့် ဘာသာပြန်စိုက်ပျိုးခင်းကြီးတစ်ခုကို အချိန်မနှောင်းမီ တည်ထောင်ပေးရန် အချိန်တန်ပါပြီ..**

၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် သမိုင်းဝင် 'ဆိုရန်တိုဗီလာ' ညီလာခံမိန့်ခွန်းကို ပြောကြားခဲ့သည့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ တိုက်တွန်းချက်ကို အကြောင်းပြုကာ ၁၉၄၇ ခုနှစ် သြဂုတ်လ ၂၆ ရက်နေ့တွင် "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" (Burma Translation Society; BTS) ကို တည်ထောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီး၏ ရည်ရွယ်ချက်မှာ- "ပြည်ထောင်စုသားတို့၏ အသိဉာဏ်တိုးပွားစေမည့် ဘာသာပြန်ခြင်းဖြင့် ရေးသားထားသော စာအုပ်စာတမ်းများကို မြန်မာဘာသာပြန်ဆိုရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာဖြင့် ပြန်ဆိုရန်"ဟူ၍ ဖြစ်သည်။

လူငယ်များအနေဖြင့် ဘာသာပြန်စာပေများကို ဖတ်ရှုလေ့လာရန် လိုအပ်ပါသည်။ ဘာသာပြန်စာပေ လုပ်ငန်းသည် မည်သည့်နိုင်ငံတွင်မဆို ခေတ်ကာလနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ လူသားစွမ်းရည် တိုးတက်ရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။ ဘာသာပြန်လုပ်ငန်းသည် စာပေလုပ်ငန်း ဖြစ်သည့်အပြင် ယဉ်ကျေးမှုဖလှယ်သောလုပ်ငန်းလည်းဖြစ်သည်။ ဘာသာပြန်လုပ်ငန်းများ တိုးတက်မှုနှင့် နိုင်ငံ၏ တိုးတက်မှုတို့သည် အပြန်အလှန် ဆက်နွယ်နေသည်။ လူငယ်များသည် ဘာသာပြန်စာပေများဖတ်ရှုခြင်းဖြင့် နိုင်ငံတကာမှ ဗဟုသုတများ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတကာမှ ဘဝအတွေ့ထွေကို ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန (ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်)က ကြီးမှူးရှု ၁၉၆၅ ခုနှစ်မှစတင်ကာ စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့သည်။ ဘာသာပြန်စာပေထွန်းကားရေး အတွက် ၁၉၆၉ ခုနှစ်မှာပင် ဘာသာပြန်စာပေနီးနော်ဖလှယ်ပွဲကို ကျင်းပခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဘာသာပြန်စာတမ်းဖတ်ပွဲ တစ်ကြိမ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဘာသာပြန်စာပေနီးနော်ဖလှယ်ပွဲ (စာတမ်းဖတ်ပွဲ) တစ်ကြိမ် ကျင်းပခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်မူ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးရှု ဘာသာပြန်စာတမ်းဖတ်ပွဲကို ကျင်းပခဲ့ပြီးဖြစ်သည်။ ဖတ်ခဲ့သည့် စာတမ်းများမှာ အင်္ဂလိပ်မှ မြန်မာသို့ပြန်ဆိုမှုများ အပေါ် လေ့လာဆန်းစစ်ချက်များ၊ အတွေ့အကြုံအရ တွေ့လာရသည့် ဝေါဟာရဖလှယ်မှုများ၊ ဘာသာပြန်ဆိုင်ရာပညာရပ်များကို ပညာရှင်များက စုစည်းပေးကြခြင်းဖြစ်ရာ လူငယ်များ ရှာဖွေလေ့လာသင့်သည်။ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ စာတမ်းဖတ်ပွဲကို ဘာသာပြန်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ အထူးသဖြင့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန်သုတ၊ ရသစာပေများ ပေါ်ထွက်လာစေရန်နှင့် ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လုပ်ငန်းများ ပိုမိုစိတ်ဝင်စားပါဝင်လာစေရန်စသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဘာသာပြန်ဆရာကြီးများ ဖတ်ကြားခဲ့သည့် စာတမ်းများသည် ကျွန်တော်တို့၏ ဘာသာပြန်မျက်စိကို ဖွင့်ပေးခဲ့သည်။ မျိုးဆက်သစ် ဘာသာပြန်လူငယ်များ မွေးထုတ်ပေးရေးကို အတိအလင်းတိုက်တွန်းခဲ့သည့် ဘာသာပြန်စာပေ ဖခင်ကြီးတစ်ဦးဖြစ်သည့် ဆရာကြီးသခင်ဘသောင်း၏ အောက်ပါတိုက်တွန်းချက်မှာ ထူးခြားနေသည်။ ဆရာကြီးသည် ဤစကားကို ၁၉၆၅ ခုနှစ်က သူ့စာတမ်းတွင် ထည့်သွင်းတိုက်တွန်းခဲ့ခြင်းဖြစ်သည်။

"သီးနှံကောင်းများကို စားသုံးလိုလျှင် အလေ့ကျပေါက်သောအပင်ကိုချည်း အားကိုးနေ၍မဖြစ်သည့်နည်းတူ ဘာသာပြန်ကောင်းသူများကို ခိုင်းစေအသုံးပြုလိုလျှင် အလေ့ကျပေါ်လာသော ဘာသာပြန်သူတစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းကိုသာ အားကိုးမနေဘဲ ဝေဝေဆာဆာ၊ ဖောဖောလှိုင်လှိုင် သီးမည့်ပွင့်မည့် ဘာသာပြန် စိုက်ပျိုးခင်းကြီးတစ်ခုကို အချိန်မနှောင်းမီ တည်ထောင်ပေးရန် အချိန်တန်ပါပြီ.."

လူငယ်များအနေဖြင့် ဂန္ဓဝင်စာပေ (classic literature)ဘာသာပြန်စာအုပ်များဖတ်ရှုခြင်းအားဖြင့် မှတ်သားဖွယ်ရာ အဖိုးတန်အကျိုးကျေးဇူးများ စွာရရှိမည်ဖြစ်သည်။

၁။ နက်ရှိုင်းသော ယဉ်ကျေးမှုဆိုင်ရာ နားလည်မှု

ဂျိန်း အော်စတင် (Jane Austen) ၏ Pride and Prejudice (ဆရာကြီး တင့်တယ်က မာနနှင့် အာဃာတအမည်ဖြင့် မြန်မာမှုပြုထားပါသည်)။ သို့မဟုတ် ဝီလျံ ရှိတ်စပီးယား၏ Hamlet ကဲ့သို့သော ဂန္ဓဝင် အင်္ဂလိပ်လက်ရာများသည် ၎င်းတို့ခေတ်ကာလ၏ လူမှုရေးတန်ဖိုးများ၊ ရိုးရာလေ့များနှင့် အတွေးအခေါ်များကို ထင်ဟပ်စေသည်။

၎င်းတို့ကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းဖြင့် အနောက်တိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုများကို ပေါင်းကူးပေးပြီး ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်များကို ဒေသခံစာဖတ်သူများနှင့် လူငယ်များ အလွယ်တကူ နားလည်နိုင်စေပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ရယ်စရာ ပြိုးစရာ နိုင်ငံတကာဟာသများ — **မာတင်ဖေ**

အရွယ်ချည်းသက်သက် ဖြစ်ပါသည်။
လူတစ်ယောက် 'စာတိုက်ပုံး' လို့ ရေးတဲ့ထဲ စာထည့်နေစဉ် ပန်းထရံတွင် ခွေးသတိပြုစာတန်းကပ်ထားသလို အရိုးကြီးကြီးကို ထိုသူက အလန့်တကြား ကြည့်နေပုံဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန

ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာဖြိုးဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ။
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ။
- ရေများများသောက်ပါ။

အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ (Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ (Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ။
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။

အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး။ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ။ အားကစားသမားများ။ အဝလွန်သူများ
- အရက်စွဲသောသူများ။ မူးယစ်ဆေးသုံးစွဲသူများ

အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါက ယပ်ခတ်ပေးပါ။
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ကျောက်စံနှင့်ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧကများအတွက် ရေပေးဝေစိုက်ပျိုးလျက်ရှိ

မင်းဘူး မတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ကျောက်စံနှင့်ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းများဖြင့် နွေစပါးဧက ၃၅၀ အတွက် ရေပေးဝေစိုက်ပျိုးနေပြီဖြစ်ကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) တာဝန်ခံအရာရှိ ဦးစိုးညွန့်လင်းထံမှ သိရသည်။

လျာထားစိုက်ပျိုး

မင်းဘူး(စကု)မြို့နယ်အတွင်း ဒေသခံတောင်သူများက ဆည်ရေသောက်ဧရိယာများ၊အစိုးရဆည်တမံများ၊ လျှပ်စစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစုပ်တင်ခြင်းများ စသည့် ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ် ၂၀၂၆-၂၀၂۷ နွေစပါးစိုက်ပျိုးရာသီတွင် ကျောက်စံနှင့်ကန်းနီ လျှပ်စစ်ရေတင်စီမံကိန်းများနှင့် ဆိုလာဓာတ်အားပေးစနစ် ရေတင်ခြင်းများဖြင့် နွေစပါး၊ဧက ၃၅၀ လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်မှ ဒေသခံတောင်သူများ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးတို့အတွက် လျှပ်စစ်နှင့် ဆိုလာဓာတ်အားစနစ်သုံးစီမံကိန်းတို့မှ နွေစပါးများ စိုက်ပျိုးလျက်ရှိရာ ကန်းနီဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းမှ ဧက ၁၅၀ ကို ဖေဖော်ဝါရီ ၁ ရက်တွင် လည်းကောင်း၊ ကျောက်စံ ဆိုလာလျှပ်စစ်ရေတင်စီမံကိန်းမှ ဧက ၂၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်က ရေများပေးဝေစိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

ကျောက်ဆည်မြို့နယ်၌ နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းသီးနှံများ စတင်စိုက်ပျိုး

ကျောက်ဆည် မတ် ၂၁

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေသီးနှံမျိုးစုံစိုက်ပျိုးရာတွင် လျာထားချက်ပြည့်မီကျော်လွန်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်းနှင့် နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းသီးနှံများလည်း စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် နွေနှမ်းသီနှံ ၄၄၂၀၆ ဧကနှင့် မိုးကြိုပဲတီစိမ်းသီးနှံ ၃၂၉၆ ဧက စိုက်ပျိုးရန် လျာထားကြောင်းနှင့် စမာစိုက်ပျိုးရေး နည်းပညာပေးရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော ဒါနိုးတိုင် ကျေးရွာအုပ်စု၌ နွေနှမ်း ဧက ၅၁၀၊ မိုးကြိုပဲတီစိမ်း ဧက ၅၀၊ ရန်ဘက်လိုကျေးရွာ အုပ်စု၌ နွေနှမ်း ဧက ၉၈၀၊ မိုးကြိုပဲတီစိမ်း ဧက ၁၅၀၊ ပေတောကြီးကျေးရွာ အုပ်စု၌ နွေနှမ်း ၉၄၂ ဧက၊ မိုးကြိုပဲတီစိမ်း ၁၇၅ ဧက၊ ဘုံကွင်းကျေးရွာအုပ်စု၌ နွေနှမ်း ၆၂၂ ဧက၊ မိုးကြိုပဲတီစိမ်း ဧက ၄၀၊ စင်းကွန်းကျေးရွာအုပ်စု၌ နွေနှမ်း ၉၂၅ ဧက၊ မိုးကြိုပဲတီစိမ်း ၇၅ ဧက၊ ပန်းခွာကျေးရွာအုပ်စု၌ နွေနှမ်း ၆၀၄ ဧက၊ မိုးကြိုပဲတီစိမ်း ၂၀၇ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိပြီး နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေနှမ်း စိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ ယခင်နှစ်များက ထယ်ရေးပြင်ကာ မိရိုးဖလာ မြေပြင်ပေါ်တွင်စိုက်ပျိုးရာ နွေနှမ်းများအောင်မြင်ဖြစ်ထွန်းသော်လည်း ရာသီဥတုအပြောင်းအလဲကြောင့် မိုးရွာသွန်းမှု များသည့်အခါ မိုးရေဝပ်၍ နှမ်းပင်များသေဆုံးသည့်အတွက် နှမ်းစိုက်တောင်သူများအနေဖြင့် ဆုံးရှုံးမှုများဖြင့် ကြုံတွေ့ရကြောင်း ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ နည်းပညာ အကူအညီရယူပြီး ပေါင်ကြီးတင်စနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးကြောင်း၊ ပေါင်ကြီးတင်စနစ်မှာ အကျယ်လေးပေ၊ အရှည် ပေ ၂၀ မြေပေါင်များ ပြုလုပ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မြေပေါင်နှင့် ပြောင်းလဲစိုက်ပျိုးသည့် အတွက် နှမ်းပင်များ ရေလိုချိန်တွင် ရေသွင်းနိုင်ပြီး မိုးများသည့်အခါ မိုးရေများကို အလွယ်တကူ ထုတ်နိုင်သည့်အတွက် နှမ်းပင်များ သေဆုံးမှုမရှိနိုင်ကြောင်း၊ စိုက်ပျိုးရာတွင် တစ်နှင့်တစ်ပင် သတ်မှတ်အကွာအဝေး စိုက်ပျိုးသည့်အတွက် အထွက်နှုန်း သေချာကြောင်း နွေနှမ်းစိုက်တောင်သူ ဦးပင်မြင့်က ပြောသည်။

သက်မောင်(ကျောက်ဆည်)

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီတွင် စိုက်ပျိုးခဲ့သည့် ငရုတ်ခြောက် ဧက ၉၂၀ ထိ သိမ်းဆည်းပြီးဖြစ်

ပွင့်ဖြူ မတ် ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ငရုတ်ခြောက် ဧက ၉၂၀ ထိ သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်ခြောက် ၁၂၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ငရုတ်စိုက်ခင်းများကို ဒေသခံတောင်သူများက ဒီဇင်ဘာလတွင် စတင်ဆွတ်ခူးသိမ်းဆည်းခဲ့ရာ ယနေ့တွင် ဧက ၉၂၀ အထိ သိမ်းဆည်းပြီးဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၇၁၁ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီမှာ ငရုတ်ခြောက် ၁၂၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ငရုတ်စိုက်ခင်းတွေကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက စတင်သိမ်းဆည်းခဲ့ရာ လက်ရှိမှာ ဧက ၉၂၀ အထိ ဆွတ်ခူးသိမ်းဆည်းပြီးဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ငရုတ်ခြောက် ၇၁၁ ပိဿာ ထွက်ရှိပါတယ်။ သိမ်းဆည်းဖို့ ကျန်ရှိတဲ့ ငရုတ်ခြောက်စိုက်ခင်းတွေကိုလည်း အထွက်နှုန်းများလျော့နည်းမှု မရှိစေရေး အချိန်မီဆွတ်ခူးသိမ်းဆည်းကြဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ငရုတ်စိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်နှင့် စိုက်ပင်အရေအတွက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသော ငရုတ်သီးနှံများ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရန် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် သဘာဝစိုက်ပျိုးရေးသွင်းအားစုများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပုံပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

မကွေးတိုင်းဒေသကြီးအတွင်း ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်

မင်းဘူး မတ် ၂၁

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေး သင်တန်းကို ယနေ့နံနက်ပိုင်းက မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဧင်ကျေးရွာအုပ်စု သိမ်ကုန်းနည်းပညာပြန့်ပွားရေးစင်တာဝင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှတိုင်းဒေသကြီးဦးစီးမှူးဦးယဉ်ထွန်းက အမှာစကားပြောကြားပြီး သင်တန်းသား တောင်သူများအား မြေနိမ့်ကော်ဖီပျိုးပင်များ ပေးအပ်သည်။

တက်ရောက်

ဆက်လက်၍ သင်တန်းနည်းပြ အရာရှိများနှင့် နတ်ရေကန်ကော်ဖီခြံ တာဝန်ခံတို့က ကော်ဖီစိုက်ပျိုးနည်းပညာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်၊ သရက်ခရိုင် မင်းလှမြို့နယ်တို့မှဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်း သင်တန်းသားစုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မတ် ၂၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဧလ

အောင်လံမြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

အောင်လံ မတ် ၂၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးရှေ့ ကျောင်းသား ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်စေရန်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စတင်ဖွင့်လှစ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းနည်းပြဆရာများဖြစ်သည့် ဦးမြင့်လွင်က အခြေခံမျဉ်း၊ လူပုံနှင့် တိရစ္ဆာန်ပုံဆွဲနည်းများ၊ ဦးမျိုးညွန့်အောင်က ရှမ္ဘော်ခင်းနှင့် သက်ငြိမ်ပုံဆွဲနည်းများ၊ ဦးခင်မောင်တင်က ဝတ္ထုပုံ၊ မှုပုံ၊ ဒီဇိုင်းနှင့် ဆိုင်းဘုတ်ရေးဆွဲနည်းပညာရပ်များကို အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

ခုနစ်ကြိမ်မြောက်နှင့် ခြောက်ရာသီဆက် MNL ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၏ ချန်ပီယံဖလားအပ်နှံပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပ

ရန်ကုန် မတ် ၂၁

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဝိုလ်ဘွဲ့ပြီး MNL ချန်ပီယံဆုကို ခုနစ်ကြိမ်မြောက်နှင့် ခြောက်ရာသီဆက် ဆွတ်ခူးရရှိခဲ့သော ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဖလားအပ်နှံပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အသင်းသားများက ချန်ပီယံဆုဖလားများကို ပြည်နယ်ဝန်ကြီးချုပ်ထံ အပ်နှံသည်။ ဆက်လက်၍ စံချိန်တင်အောင်မြင်မှု များစွာရရှိခဲ့သည့် ရှမ်းယူနိုက်တက် အသင်းအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ကမ္ဘောဘောဏ် လီမိတက်က ချီးမြှင့်သည့် ကျပ်သိန်း ၇၀၀၀၊ KBZ Life Insurance က ချီးမြှင့်သည့် ကျပ်သိန်း ၃၀၀၀ စုစုပေါင်း ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀၀၀ တို့ကို ပေးအပ်ချီးမြှင့်ရာ ရှမ်းယူနိုက်တက် အသင်းသားများက လက်ခံရယူသည်။ ဆက်လက်၍ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက ချီးမြှင့်သည့် ဂုဏ်ပြုဆု ငွေကျပ်သိန်း ၄၀၀၀ ကို ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများက ရှမ်းယူနိုက်တက် အသင်းသားများနှင့် စုပေါင်းဓာတ်ပုံ ရိုက်ကူးကြသည်။ ယင်းနောက် ချန်ပီယံဂီတဖျော်ဖြေပွဲအဖြစ် စိုင်းစိုင်းခမ်းလှိုင်နှင့် သူငယ်ချင်းများ၊ ဟန်ထွန်း၊ ကိုအောင်နှင့် ဗိုးပြည့်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ရှမ်းယူနိုက်တက်ဘောလုံး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ကမ္ဘောဘောဏ်လီမိတက်က ချီးမြှင့်သည့် ကျပ်သိန်း ၇၀၀၀၊ KBZ Life Insurance က ချီးမြှင့်သည့် ကျပ်သိန်း ၃၀၀၀ စုစုပေါင်းဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀၀၀ ကို ရှမ်းယူနိုက်တက်အသင်းအား ချီးမြှင့်စဉ်။

အသင်း ပရိသတ်များနှင့်အတူ အောင်ပွဲခံခဲ့ကြသည်။

ရှမ်းယူနိုက်တက်အသင်းသည် MNL ပြိုင်ပွဲတစ်လျှောက် ၂၀၁၇၊ ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄-၂၀၂၅ ၂၀၂၅-၂၀၂۶ ရာသီတို့တွင် ချန်ပီယံဆု ခုနစ်ကြိမ်ရရှိကာ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေပြီး စံချိန်တင် အောင်မြင်မှုများအဖြစ် အမှတ်ပေး ချန်ပီယံဆုကို ခြောက်ရာသီဆက်၊ တစ်ရာသီလုံးရှုံးပွဲမရှိ စံချိန်ဖြင့် ချန်ပီယံဆုကို ငါးကြိမ်မြောက်နှင့် လေးရာသီဆက် ရယူနိုင်ခဲ့သလို ကမ္ဘာ့ဘောလုံး လောကတွင်ပါ ရရှိရန်ခက်ခဲသည့် စံချိန်တစ်ခုဖြစ်သော လိဂ်ရှုံးပွဲမရှိ စံချိန်မှာလည်း ပွဲ ၁၀၀ပြည့်မြောက်ခဲ့သည်။ ထို့ပြင် ရှမ်းယူနိုက်တက် အသင်းအား ချန်ပီယံဆု ရယူပေးခဲ့သည့် နည်းပြချုပ် ဦးဟန်ဝင်းအောင်သည် ၂၀၂၂၊ ၂၀၂၃ နှင့် ၂၀၂၅-၂၀၂۶ ရာသီတို့တွင် ချန်ပီယံဆု သုံးကြိမ်ရယူပြီး ပြိုင်ပွဲတစ်လျှောက် အအောင်မြင်ဆုံးနည်းပြဖြစ်လာကာ ယင်းသုံးရာသီစလုံး ရှုံးပွဲမရှိ စံချိန်နှင့်ပါ ရယူပေးခဲ့ခြင်းဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-စိုးညွန့်သော်

ခေတ်မီမြို့ပြအင်္ဂါရပ်နှင့်လျော်ညီသော လူစီးသုံးဘီးယာဉ် သယ်ယူပို့ဆောင်ရေးစနစ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

စနစ်ကျသော မြို့ပြသယ်ယူပို့ဆောင်ရေး အတွက် ရန်ကုန်တိုင်းဒေသကြီး ပဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြေးကြေပ်မှုကော်မတီ(YRTC)နှင့် ရန်ကုန်စီးတီးတက္ကစီအသင်း(YCTA)တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ခေတ်မီမြို့ပြအင်္ဂါရပ်နှင့်လျော်ညီသော လူစီးသုံးဘီးယာဉ် သယ်ယူပို့ဆောင်ရေးစနစ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပါရမီဟိုတယ်၌ ကျင်းပသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အပေါ် ရန်ကုန်တိုင်းဒေသကြီး ပဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြေးကြေပ်မှုကော်မတီနှင့် ရန်ကုန်စီးတီးတက္ကစီအသင်းနာယကများက လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုကို တင်ပြဆွေးနွေးကြပြီး Bajaj သုံးဘီးကုမ္ပဏီက စနစ်ကျသောမြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ပါဝင်ဆောင်ရွက်မှု

အခြေအနေကို တင်ပြသည်။

ယင်းနောက် Bajaj သုံးဘီးယာဉ်ပိုင်ရှင်တစ်ဦးက ခေါက်တိုသယ်ယူပို့ဆောင်ရေးစနစ်အပေါ် အမြင်များ မျှဝေခြင်း၊ ယာဉ်မောင်းတစ်ဦးက အတွေ့အကြုံများကို ရှင်းလင်းတင်ပြခြင်း၊ Microfinance(LOLC) က အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ

မင်းလှမြို့နယ် မလွန်ကျေးရွာ၌ မီးဘေးလုံခြုံရေးစစ်ဆေး

မင်းလှ မတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ကျေးရွာရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက် ၈ နာရီတွင် ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးယဉ်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ မလွန်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များက မလွန်ကျေးရွာအတွင်းနေအိမ်များတွင် သွယ်တန်းထားသောလျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းဆွေးမြည့်ပါက အသစ်သွယ်တန်းသုံးစွဲရန်၊ နေအိမ်များအတွင်း မီးလောင်မှုမဖြစ်ပွားစေရေး စက်သုံးဆီများ တရားမဝင်သိုလှောင်ခြင်းမပြုရန်၊ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိရန်နှင့် မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာရန် အသိပေးအကြံပြုခဲ့ကြောင်း သိရသည်။

ကိုခန့်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူစာပေဆု စာအုပ်များ ဖြန့်ချိရောင်းချ

အလေးအနက်ထားစရာ လျှစ်လျူရှုခံရောဂါများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)တတိယဆုရရှိသည့် ဒေါက်တာချိုနိုင်(အေးချမ်းရိပ်)၏ **"အလေးအနက်ထားစရာ လျှစ်လျူရှုခံရောဂါများ"** စာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် လျှစ်လျူရှုခံရောဂါအမျိုးပေါင်း ၂၀ ရှိသည့်အနက် အရေပြားရောဂါဖြစ်သော ဘူးရှီလာအရေပြားအနာဂေါဂါ၊ အနာကြီးရောဂါ၊ ဝဲရောဂါ၊ ယောရောဂါ၊ လစ်ရှ်မာနီယပ် အရေပြားရောဂါ၊ မြစ်ကမ်းနား မျက်စိကွယ်ရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ အနာအိုင်ရောဂါနှင့် ယားယံခြင်းကိုဖြစ်စေသော ခရုကိုက်ရောဂါ၊ သန့်လုံးကောင်ရောဂါ၊ တုပ်ကောင်ရောဂါ စသည်တို့၏ ရောဂါတစ်ခုချင်းအလိုက် ရောဂါပိုး၊ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံတို့ကို ပြည့်စုံစွာ ဖော်ပြထားသည်။ အဆိုပါ Neglected Tropical Disease ခေါ် လျှစ်လျူရှုခံရောဂါအမျိုးပေါင်း ၂၀ မှာ ကမ္ဘာတစ်ဝန်း အဖြစ်များနေသည့်တိုင် ကာကွယ်တိုက်ဖျက်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများရှိနေပုံ စသည်တို့ကို ရောဂါတိုက်ဖျက်ရေးရှုထောင့်မှ တတ်စွမ်းသမျှ ဖော်ထုတ်ရေးသားထားသည်။

ခေတ်ဟောင်းမြန်မာ့တေးဂီတ အနုပညာဖြင့် တိုင်းပြည်ကို အလှဆင်ခဲ့ကြသူများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ ကျမ်းစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ခင်ဇ(စက်မှု)၏ **"ခေတ်ဟောင်းမြန်မာ့တေးဂီတ အနုပညာဖြင့် တိုင်းပြည်ကို အလှဆင်ခဲ့ကြသူများ"**စာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် သမိုင်းအစဉ်အလာ ခေတ်ဟောင်းမြန်မာ့တေးဂီတ အနုပညာနယ်ပယ်တွင် ကျင်လည်လှုပ်ရှား ရေပန်းစား လူသိများခဲ့ကြသော တေးဂီတအနုပညာရှင် ၅၅ ဦးတို့၏ ကိုယ်ရေးအကျဉ်း၊ အနုပညာစွမ်းရည်များကို အကိုးအကား အထောက်အထား ၁၉ စောင်ထဲမှ ရှာဖွေစုစည်းပြုစုထားခြင်းဖြစ်သည်။ မျိုးဆက်သစ်များအနေဖြင့်လည်း လေ့လာဆည်းပူး စံပြုနည်းယူစရာများ၊ မှတ်သားအားကျလိုက်နာ ကျင့်သုံးဖွယ်ရာများလည်း ပါရှိသည်။

ဝီရိယရှိသူ ထိပ်ဆုံးလူ ကလေးကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆုရရှိသည့် ခိုင်ချစ်အောင်၏ **"ဝီရိယရှိသူ ထိပ်ဆုံးလူ ကလေးကဗျာများ"** စာအုပ်ကို ရောင်းဈေး ငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၈၀ ပါဝင်သည်။ ထူးခြားချက်မှာ ယခုခေတ် မူကြိုအရွယ်၊ မူလတန်းအရွယ်ကလေးငယ်များ၏ အသက်အရွယ်တွင် ရှေးယခင်က နယ်ပယ်အသီးသီးမှ အလွန်ပင် ထင်ရှားကျော်ကြားအောင်မြင်ခဲ့သော ကလေးငယ်များ ပေါ်ထွန်းခဲ့ကြောင်းကို ထူးခြားသော အတွေးအမြင်ဖြင့် ဖွဲ့ဆိုတင်ပြထားခြင်းဖြစ်သည်။ ဥပမာ အားဖြင့် အသက် ခြောက်နှစ်သား စာရေးဆရာမောင်မောက် နောင်အခါ ရှင်မဟာရဏ္ဍသာရ၊ အသက်ခုနစ်နှစ်သားအရွယ် ခုံတော် မောင်ကျပန်း၊ အသက် ကိုးနှစ်အရွယ်ကတည်းက ရတုကဗျာများ ရေးစပ်ခဲ့သည့် စစ်သည်စာဆို နတ်သျှင်နောင်၊ ငယ်နာမည် မောင်ညိုး(ခေါ်) ရှင်မဟာသီလဝံသ၊ ငယ်နာမည် မောင်ဥက္ကာ(ခေါ်) ရှင်ဥတ္တမကျော်၊ အသက် ၁၃ နှစ်အရွယ်တွင် စစ်သူရဲကောင်းအဖြစ် ထင်ရှားကျော်ကြားခဲ့သော ဧရယ္ယာသီဟ(ခေါ်) မင်းရဲကျော်စွာ၊ အသက် (၁၅) နှစ်အရွယ် တပင်ရွှေထီး တို့၏အကြောင်း ဖွဲ့ဆိုထားသောကဗျာများမှာ ကလေးတို့ နှစ်သက်အတုယူဖွယ်ရာဖြစ်သည်။ ထို့ပြင် အခြားသောကဗျာများမှာလည်း ကလေးတို့၏ အတွေးအခေါ် အသိအမြင်များ ရင့်ကျက်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ကိုယ့်တိုင်းပြည်ကို မြတ်နိုးတွယ်တာ ချစ်ခင်လာစေရေးတို့ကို ထိရောက်ဝိုင်ပြင်စွာ ဖွဲ့ဆိုထားသည်ကို တွေ့ရှိရသည်။

နှစ်ငါးဆယ် သယ်ယူပို့ဆောင်ရေး

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က **"နှစ်ငါးဆယ် သယ်ယူပို့ဆောင်ရေး"** စာအုပ်ကိုရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး(စာပေဗိမာန်)က ပထမအကြိမ်ထုတ်ဝေခဲ့သည့် ၁၉၀၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ နှစ်ငါးဆယ်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်မှုများကို ယနေ့ခေတ်ပြည်သူလူထု သိရှိလေ့လာနိုင်ရန်နှင့် ဗဟုသုတဖြစ်စေရန်အတွက် **"နှစ်ငါးဆယ် သယ်ယူပို့ဆောင်ရေး"** စာအုပ်ကို စာပေဗိမာန်က ဒုတိယအကြိမ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

ထိုသို့ပြန်လည်ထုတ်ဝေရာတွင် မြန်မာစာစာလုံးပေါင်းသတ်ပုံများကို မြန်မာစာအဖွဲ့၏သတ်ပုံကျမ်းပါ စာလုံးပေါင်းအတိုင်း ပြင်ဆင်သည်မှ အပ နိုင်ငံခြားဝေါဟာရများကို မူရင်းစာအုပ်ပါအတိုင်း ပြန်လည်ဖော်ပြထားပါသည်။ အဆိုပါစာအုပ်တွင် မော်တော်ကားများ ပေါ်ပေါက်လာပုံ၊ သယ်ယူပို့ဆောင်ရေးတွင် ခေတ်သစ်ရောင်ခြည်ပေါ်ထွန်းခဲ့ပုံ၊ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းခဲ့ခြင်း၊ မော်တော်ကားများ အထူးခေတ်စားလာပုံ၊ လင်းဗတ်ချီးကျူးခြင်းခံရပုံနှင့် ၂၀ စုနှစ် ကူးသန်းသွားလာရေး စသည်ဖြင့် တိုးတက်လာသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍများကို စုစည်းဖော်ပြထားပါသည်။

ချစ်ပန်းမှုံ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ပြဇာတ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ နေစိုးသော်၏ **"ချစ်ပန်းမှုံ"** စာအုပ်ကို ရောင်းဈေး ငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

